www.burmeseclassic.com

# ဝေယျတု
# သဗ္ဗမင်္ဂလံ
# သုတ

BURMESE CLASSIC

ပန်းချီဝတိုး

www.burmeseclassic.com

www.burmeseclassic.com

သုခ

ဓမ္မယျတုသမ္မမင်္ဂလံ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | |
|---|---|
| ထုတ်ဝေသူ၏အမှာ | ၅ |
| ဂီတ၏ဝဲသြဃသံသရာတွင်<br>နစ်မြုပ်စီးဝင်မျောပါခဲ့ခြင်း(မြသန်းစံ) | ၇ |
| နှလုံးသွေးပျက်သောတေးတစ်ပုဒ် | ၃၁ |
| ဧယျာတုသဗ္ဗမင်္ဂလံ | ၄၉ |


www.burmeseclassic.com

www.burmeseclassic.com

# ထုတ်ဝေသူ၏အမှာ

ဤစာအုပ်သည် ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့က အနုပညာဦးစီးဌာန ယဉ်ကျေးမှုတက္ကသိုလ်၌ 'ဇေယျတု သဗ္ဗမင်္ဂလံ'သီချင်းအကြောင်း ဆရာကြီး ဦးသုခ၏ ဟောပြောချက်ကို ကူးယူထုတ်ဝေထားခြင်းဖြစ်ပါသည်။ ယင်း ဟောပြောချက်၌ 'ဇေယျတု သဗ္ဗမင်္ဂလံ' သီချင်း ပေါ်ပေါက်လာပုံ၊ အသံနေအသံထားအမှန်၊ အဓိပ္ပာယ် ဖွင့်ဆိုချက်တို့ကို ပြည့်စုံစွာ ဖတ်ရှုရပါမည်။

'ဇေယျတု သဗ္ဗမင်္ဂလံ' သည် မင်္ဂလာသီချင်း တစ်ပုဒ် ဖြစ်သော်လည်း သီချင်းဖြစ်ပေါ်လာမှု၏ နောက်ကွယ်၌ ကြေကွဲဖွယ် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့ရာ ယင်းဖြစ်ရပ်ကို ဆရာကြီးဦးသုခက 'နှလုံးသွေးပျက်သော တေးတစ်ပုဒ်' အမည်ဖြင့် ရေးဖွဲ့ခဲ့ပါသည်။ အဆိုပါ ဝတ္ထုကိုလည်း ဤစာအုပ်၌ ပြန်လည်ဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ယင်းကြေကွဲဖွယ်ဖြစ်ရပ် အပေါ် မြသန်းစံ၏ ဓမ္မရာသရှုထောင့်မှ ခံစားသုံးသပ်ချက်ကို လည်း ထူးခြားစွာ ဖတ်ရှုကြရပါမည်။

ဤစာအုပ်ကို ထုတ်ဝေခွင့်ပြုသော ဆရာကြီး ဦးသုခ၊ တိတ်ခွေမှ စာသားအဖြစ် ပြောင်းလဲ ကူးယူပေး သော အောင်ဝင်း(မန်း)၊ ဓမ္မရာသအမှာစာရေးသားပေးသူ ဆရာမြသန်းစံတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ပါရမီစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ဂီတ၏ ဝဲသြဃသံသရာတွင် နှစ်မြုပ်စီးဝင်မျောပါခဲ့ခြင်း

## မြသန်းစံ

(၁)

သံချောင်းခေါက်သံ ၉ ချက် ကြားလိုက်ရသည်။

ညဦးကတည်းက တီးခတ်နေသော ဂစ်တာသံက မတိတ်သေး။ လူငယ်တို့၏ခေတ်ပေါ်တေး ဟစ်ကြွေးသံများကလည်း မရပ်စဲသေး။ ညသည် ပိုမို တိတ်ဆိတ်လာသည်။ ကားသံ၊ လူသံတို့ ဆိတ်ငြိမ်စ ပြုလာပေပြီ၊ ထို့ကြောင့် သူတို့၏အသံမှာ ပိုမို အထင်းသား ပေါ်လာသည်။

သီချင်းတွေက တစ်ပုဒ်ပြီး တစ်ပုဒ် ပြောင်းသွားသည်၊ သူတို့ သီဆိုနေသော သီချင်းများကို ကျွန်တော် တစ်ပုဒ်မျှ မကြားဖူးတော့။ ကြည့်စမ်း၊ အချိန် ဘယ်လောက်ကြာခဲ့သေးလို့လဲ။ အလွန်ဆုံးရှိမှ ၃ နှစ်ပေါ့။ ကျွန်တော်သည် ဂီတနှင့် သူစိမ်းတစ်ရံဆံလို ဖြစ်ခဲ့သည်မှာ ၃ နှစ် အပိုင်းအခြားလောက်သာ ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်ကာလအတွင်း လူငယ်တို့အကြား ပျံ့နှံ့ရောက်ရှိခဲ့သော သီချင်းပုဒ်ရေပေါင်း များစွာရှိလိမ့်မည်။ သို့သော် ဂီတကို လွတ်ချစွန့်ခွာခဲ့သော ကျွန်တော်နှင့် ဝေးကွာမှန်း မသိ ဝေးကွာခဲ့ပြီကော။

စာဖတ်ခြင်းကို ခေတ္တရပ်နေ၍ သီချင်းသံကို ပိုမိုအာရုံပြုကြည့်မိသည်။ များသောအားဖြင့် ချစ်ခြင်းတရား၏ ခံစားချက်ကို ဖွင့်ဆိုလှစ်ဟသော အကြောင်းအရာများသာ ဖြစ်သည်။ သို့သော် ထိုအကြောင်းများကို သီဆိုနေသောအသံမှာကား ယခုခေတ်လူငယ်အများစု ကြိုက်နှစ်သက်ကြသော ခြောက်ကပ်ကပ် ကွဲအက်အက်အသံဖြင့်သာ။ သီချင်းတစ်ပုဒ်ပြီးသည့်အခါ နောက်ထပ် သီချင်းတစ်ပုဒ်ကို ရွေးချယ်စဉ်းစားရင်း စကားပြောကြသည့်အခါ စောစောက သီဆိုနေသော သူငယ်၏ စကားပြောသံကိုကြားရသည်။ ဟင်- ခုနကလို ခြောက်ကပ်ကွဲအက်တဲ့အသံ မဟုတ်ပါလား၊ သူ့အသံသည် ယခုတော့ ပီပီသသ၊ ကြည်ကြည် မြမြ၊ ယောကျ်ားပီပီ ဩဇာသံနှင့်။ သူ့ကို သူ့အဖော်တွေက ဝိုင်း၍ ထောမနာပြုနေကြသည်။

"မင်းအသံက ..... အသံနဲ့ တစ်သံတည်းပဲကွ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အမှောင်ထဲ၌ ကြည်နူးချမ်းမြေ့စွာ ပြုံးရွှင်နေမည့် အဆိုရှင်လူငယ်၏ မျက်နှာကို မှန်းဆ မြင်ယောင်ကြည့်မိသည်။ သူဂုဏ်ယူနေမှာပဲ။ သို့သော် သူ့မူရင်းအသံဖြင့် ဘာကြောင့် မသီဆိုရသလဲ။ ကိုယ့်ပင်ကိုအသံမဟုတ်သော အောင်မြင်ကျော်ကြားနေသူ အခြားသူတစ်ဦး၏ အသံကို အဘယ်ကြောင့် တမင်လုပ်ပြီး တုပ သီဆိုနေရသလဲ၊ အဘယ်ကြောင့် ကိုယ့်ကိုယ်ကို လောင်းရိပ် အမိခံချင်နေရသလဲ။

ကျွန်တော်တွေးနေဆဲမှာပင် သီချင်းသံထွက်ပေါ်လာပြန်သည်။ ကျွန်တော် အတွေးစ ပြတ်သွားသည်။ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်သတိရလာသည်။ ကျွန်တော်နှင့်ဂီတ၊ ဂီတနှင့်ကျွန်တော်၊ ဘယ်လိုယှက်နွယ် ပတ်သက်ခဲ့သလဲ။ ဂီတအပေါ် ဘယ်လောက် အထိ တခုတ်တရ ခင်မင် တွယ်တာခဲ့သလဲ။ ဂီတနှင့် ကျွန်တော့်ဘဝကို နှစ်ကိုယ်ယှဉ်တွဲ၍ လျှောက်လှမ်းနေစဉ် ဂီတသည် ကျွန်တော့်ကို စိတ်ချမ်းသာအောင် အဘယ်မျှ စွမ်းဆောင်ပေးနိုင်ခဲ့သလဲ။ ကျွန်တော် ကရော ဂီတ၏အနုပညာအရိပ်ထဲ၌ အဘယ်မျှအထိ နက်ရှိုင်းအေးချမ်းစွာ နားခိုခဲ့ဖူးပါသလဲ။ နှစ်ပေါင်းများစွာ တွယ်တာရစ်ဖွဲ့ခဲ့သော ဂီတကို ရတ်

www.burmeseclassic.com

www.burmeseclassic.com



တရက် သစ်စိမ်းချိုးသလို အဘယ်ကြောင့် ကျွန်တော် တိမ်းရှောင်ဖယ်ခွာခဲ့ရသနည်း။

ယခုတော့ ဂီတသည် ကျွန်တော်၏ အရင်းနှီးဆုံး မိတ်ဆွေအဖြစ်မှသည် တစ်ခါမျှ မဆုံဆည်းခဲ့ဖူးသည့် သူစိမ်းတစ်ဦးကဲ့သို့ ဖြစ်ခဲ့ရချေပြီ။

အဘယ်ကြောင့်နည်း...။

(၂)

ကျွန်တော့ကိုယ်ကျွန်တော်ပြီးလျှင် ဒုတိယအချစ်ဆုံးမှာ ဂီတဖြစ်သည်ဟု ဆိုနိုင်ပါသည်။ များလှစွာသော အနုပညာကိစ္စ အရပ်ရပ်ထဲမှ ဂီတသည် ကျွန်တော့အား အဆွဲဆောင်နိုင်ဆုံး ဖြစ်ပါသည်။ ဂီတနှင့် ယှဉ်တွဲ၍ နောက်ထပ်ဆွဲဆောင်သော ကိစ္စတစ်ခုမှာ စာပေ ဖြစ်ပါသည်။ အသံမပါလျှင် ဂီတမဖြစ်သလို အက္ခရာမပါလျှင်လည်း စာပေ မဖြစ်နိုင်ပါ။ သို့သော် အသံဟူသော ဂီတနှင့် စာပေဟူသော စကားလုံးတို့ ယှက်နွယ် ပေါင်းစပ်ထားသောအခါ သီချင်းဟူ၍ ဖြစ်လာပါသည်။

ဂီတဟူသောစကားလုံးသည် တကယ်တော့ ပါဠိဘာသာစကား ဖြစ်သည်။ ဂီတဟူသော အနက်အဓိပ္ပာယ်တွင် သီချင်းနှင့်သီဆိုခြင်းဟူသော အဓိပ္ပာယ်

www.burmeseclassic.com

www.burmeseclassic.com



များ ပါဝင်နေသည်။ မြန်မာအဘိဓာန်ထဲတွင် "ဂီတဆိုသည်မှာ လူတို့၏ ခံစားချက်အရပ်ရပ်တို့ကို လူတို့ပြုလုပ်ထားသောအသံ၊ လူတို့ပြုလုပ်ထားသော တူရိယာ၊ ထွက်ပေါ်လာသောအသံတို့ဖြင့်ပေါင်းစပ်၍ အသံအနိမ့်အမြင့်၊ အတက်အကျ၊ အတိုးအကျယ်၊ အဆွဲအငင် စသော အနုပညာနည်းစနစ်များအရ နရီအချိန်ညီညွတ်စွာ ရွေ့လျားနေသော အသံ အဖွဲ့အစည်းကို ခေါ်ဆိုခြင်းဖြစ်သည်"ဟုအဓိပ္ပာယ်ဖွင့်ဆိုထားလေသည်။

ဂီတဟူသော အဓိပ္ပာယ်တွင် ပါဝင်သည့် သီချင်းနှင့်သီဆိုခြင်းတွင် ကျွန်တော်သည် မူလက သီဆိုခြင်းကို ဝါသနာထုံသူ ဖြစ်သည်။ အဆိုတော် ဖြစ်ရန်လည်း အာသီသပြင်းထန်ခဲ့သည်။ သို့သော် တကယ်ဖြစ်လာတော့ သီချင်းရေးသည့်သူ၊ စင်ရှေ့ ထွက်မရပ်ရဘဲ စင်နောက်ကွယ်မှ ဖန်တီးစီစဉ်သူ၏ နေရာသို့ရောက်မှန်းမသိ ရောက်သွားသည်။ အတီး အခတ်၌ဝါသနာပါ၍ ဂစ်တာသင်တန်းမျိုးစုံ တက်ခဲ့သော်လည်း တီးခတ်သူ(musician) ဖြစ်မလာပြန်။ သည်ဘက်မှာ ပါရမီက နည်းပြန်သည်။ သို့ဖြင့် သာမန်ထက် သာရုံကလေး၊ တီးဝိုင်းတစ်ခုတွင် နည်းနည်းစမ်းမှန်မှန် အားဖြည့် ဝင်တီးခတ် နိုင်ရုံကလေး အဆင့်သို့

www.burmeseclassic.com



သာ ရောက်ခဲ့ရသည်။ သည့်ထက်မပို။ တစ်နည်းအားဖြင့် ကျွန်တော် ဖြစ်ချင်ခဲ့သော အတီးသမား၊ အဆိုသမားဖြစ်မလာဘဲ မရည်ရွယ်ထားသော အရေးသမားဖြစ်လာခဲ့ရသည်။ သို့သော် ဂီတအခြေခံ သင်္ကေတတွေ၊ နရီစည်းဝါးတွေ၊ တီးခတ်မှုပုံစံတွေနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သူမို့ သီချင်းတွေ ရေးစပ်လာသည့်အခါ လွယ်ကူချောမွေ့ခဲ့ရသည်။

သည်လိုနှင့် သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ရေးဖြစ်လာခဲ့သည်။ သီချင်းခွေတွေ တစ်ခွေပြီးတစ်ခွေ ထွက်လာခဲ့သည်။ အနှစ် ၂၀ ကျော် နှစ်မြုပ်စိမ့်ဝင်မျှော်မှန်းခဲ့ရသော ကျွန်တော့မျှော်မှန်းချက်များသည် ပြည့်စုံလာခဲ့ပေပြီ။ ကြိုးစားရင်းမှပင် ကျွန်တော်သည် သီချင်းရေးသားခွင့် လိုင်စင်တစ်ခု ရလိုက်သလို ဖြစ်လာသည်။ ကျွန်တော့ကို သီချင်းလာအပ်သူတွေ များလာသည်။ ကျွန်တော့သီချင်းကို နားထောင်သူတွေ များလာသည်။ ကျွန်တော့ကိုယ် ကျွန်တော် ကျေနပ်မိသည်။ ပီတိဖြစ်မိသည်။ ပရိသတ်ရှိလာသော သီချင်းရေးသားသူဖြစ်လာသည့်အတွက် ယခင်ထက် ပို၍ သီချင်းတွေနှင့် ထိစပ်ရသည်။ ဂီတ၏ အတွင်းသားတွေကို ယခင်ထက် ပို၍ ထဲထဲဝင်ဝင်လေ့လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



သံစဉ်တွေ တည်ဆောက်ရသည်။ သီချင်းစာသားတွေ စုဖွဲ့ရသည်။ ထိုအခါ ကျွန်တော့ဘဝသည် သီချင်း၊ သီချင်းတွေသည် ကျွန်တော့ဘဝ ဖြစ်လာသည်။ အိပ်ရေး ပျက်ခဲ့သောညပေါင်းများစွာ၌ ကျွန်တော်သည် သံစဉ်များ၏နောက်သို့ စကားလုံးများ လိုက်လံ ဖြည့်သွင်း ပုံဖော်ဖို့ ကြိုးစားရင်း ဖောချွေးပျံနေပုံများကိုလည်း ပြန်မြင်ယောင်မိသည်။ တစ်နည်းအားဖြင့် ကျွန်တော့ ဘဝ၏ အချိန်များစွာကို ကျွန်တော်သည် သီချင်းများဖြင့် ယစ်မူးရင်ခုန်နေတော့သည်။

(၃)

ကျွန်တော်က ဂီတဟူသောသက်မဲ့ပစ္စည်းကို အာရုံနှင့် ထိတွေ့ဆက်ဆံနေချိန်တွင် ကျွန်တော်နှင့်ဂီတအကြားတွင် ဘာမျှအတားအဆီးမရှိလိုသူ ဖြစ်သည်။ ဂီတသည် နူးညံ့သည်၊ သိမ်မွေ့သည်၊ ထိရက်ကိုင်ရက်စရာမရှိ၊ သူသည် ကြမ်းတမ်းသော အာရုံ မဟုတ်၊ ချိုမြိန်ညင်သာသော အာရုံသာဖြစ်သည်။ ဂီတနှင့် ပတ်သက်၍ သူ့ကို ကျွန်တော် အဘယ်မျှမြတ်နိုးကြောင်း "သုခမအချစ်သခင်" ဆိုသည့် သီချင်းကလေးတစ်ပုဒ်ပင် ရေးစပ်ခဲ့သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



၁ ...မြတ်နိုးသူမို့ – တယုတယအမြဲသာ– ဟိုအမြင့်
ထက်မှာ တင်ထားလိုက်ချင်တယ်
ရင်ထဲမှာပဲ– သမုဒယငြိတွယ် ပန်းပုရပ် ကလေး
ရယ်– သုခမလို့ခေါ်တယ်
၂ အချစ်ဆုံးသူမို့ ထွေးပိုက်လို့သာ သိမ်းဆည်း
ဝှက်ကာ ပွေ့ထားလိုက်ချင်တယ်
ကိုယ့်အသည်းအိမ်များ – ကွဲအက်လို့ရယ်
ဝမ်းနည်းရှိုက်သံ သူမကြားသိစေနဲ့

CHO၁ ထာဝစဉ် ရှင်သန် ရှင်းသန့်တဲ့ သူလေး.. တစ်ခါ
တလေ အလည်လာရောက်ဖို့ ကိုယ်လက်လှမ်း
လိုအင်တွေကိုချိုးဖျက်မယ်ဟော့ သည်ရင်ခွင်ဟာ
သူ့အတွက်ဖြစ်စေမယ်..
သန်းခေါင်ညမှာပဲ တစ်ယောက်နဲ့ တစ်ယောက်
ရယ် တွေ့ခွင့်အရေးကို မျှော်လင့်လို့နေတယ်
အရုပ်ကလေးပေမယ့် အသည်းနဲ့ အသက်ရယ်
တွဲလက်အမြဲကွယ် သုခမအချစ်သခင်ရယ်]

CHO၂ လိုရာယူစေ တန်ခိုးများပေးလာရင် ထာဝစဉ်
ပိုင်ဆိုင်ရခွင့် ကိုယ်ဆုတောင်း
ဟာနေသူကိုဖြည့်စွက်ပါဟော့ ရင်မှာခင်တွယ်
သုခမအချစ်သခင်ရယ်...။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူဟူသည် တစ်ဦးတည်းနေ၍မရ။

အဖွဲ့အစည်းနှင့်အတူ ဟန်ချက်ညီစွာ ပေါင်းစပ် နေထိုင်ရသည်။ ကျွန်တော်သည် ပရိသတ်နှင့် ဖြစ်လာသောအခါ ဂီတနှင့်ကျွန်တော့ အကြားတွင် လူမျိုးစုက ဝင်ရောက်နေရာယူလာကြသည်။ စွက်ဖက်လာသည်။ ကျွန်တော့အာရုံထဲ ပိုင်စိုးပိုင်နင်း ဝင်ရောက်လာသည်။ ကျွန်တော်နှင့်ဂီတ ဆက်သွယ်နေမှုကိုပါ ဖျက်လို ဖျက်ဆီးလုပ်လာကြသည်။ ကျွန်တော် စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်ရသည်။

ကျွန်တော် အမြတ်တနိုးထားသော၊ တယုတယ ထားသော သုခမဂီတကို လက်ကြမ်းကြီးတွေနှင့် ကိုင်တွယ် ဖျစ်ညှစ်လာသောအခါ ကျွန်တော့ ရင်မှာ မွန်းကျပ်နာကျင်လာရသည်။ ထိုလက်ကြမ်းကြီးတွေ၏ နောက်ကွယ်တွင် အနုပညာကို တန်ဖိုးမထားသော စိတ်ပိုင်ရှင်တွေ များစွာရှိနေသည်။ ထို့အပြင် အနုပညာဆိုသော ဂီတသုခမဟူသော ရှင်းသန့်သည့် နာမ်အာရုံကို ပြင်ပလူလုပ် ပစ္စည်းများဖြစ်သည့် ငွေကြေး၊ ဂုဏ်အရှိန်အဝါများဖြင့် ပစ်ပေါက် ဝယ်ယူ ပိုင်ဆိုင်ချင်သည့်သူတွေကို တွေ့လာရသည်။ စိတ်နှလုံး ကြည်လင်ရွှင်လန်း အေးဆေးမှသာ အဆင့်မြင့်သော အာရုံဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



ဂီတနှင့်ထိတွေ့ခွင့်ရနိုင်သည်ကို သူတို့မသိ။ သူတို့ သိသည်မှာ ငွေကြေး၊ ဂုဏ်အရှိန်အဝါဖြင့် ပစ်ပေါက်သိမ်းဆည်းလိုက်လျှင် သူတို့လည်း ခံစားခွင့်ရနိုင်သည်ဟု ထင်ရခြင်းပင်။

ကျွန်တော်က ဂီတဆိုသော သုခုမ အချစ်သခင်လေး ကိုယ့်စိတ်ထဲ အလည်လာနိုင်ဖို့ ကိုယ့်စိတ်ထဲက လိုအင်ဆန္ဒတွေကိုပင် ချိုးဖျက်ထားပါမည်ဟု ဂီတကို ကတိကဝတ်ပြုထားခဲ့သူ။

အမြဲတမ်းမလာနိုင်တောင် တစ်ခါတစ်ခါတော့ စိတ်ထဲကို အလည်လာစမ်းပါဟု မျှော်လင့်ခြင်းမက မျှော်လင့်နေရသူ။ အကယ်၍ ကျွန်တော့်တွင် လိုရာယူနိုင်သော တန်ခိုးများပြည့်စုံလာလျှင်တောင်မှ ကျွန်တော်သည် ဂီတကို ထာဝစဉ် ပိုင်ဆိုင်ခွင့်ရသောသူအဖြစ် ဖန်တီးဖြည့်စွမ်းမည့်သူ။ ဂီတနှင့်ပတ်သက်၍ သည်လောက်အထိ ကိုယ့်ကိုယ်ကို ယစ်မူးရင်ခုန်ထားသူတစ်ဦး၏ပတ်ဝန်းကျင်တွင် ကိုယ်တန်ဖိုးထားသလို တန်ဖိုးမထား၊ လွယ်လွယ်ကူကူပေါ့ပျက်ပျက် သဘောထားသည့်သူတွေနှင့် တွေ့ဆုံရဖန်များလာသောအခါ ကျွန်တော်သည် ဂီတကို စိုးရိမ်လာသည်။

ကျွန်တော်နှင့် သဘောထားခြင်း မမှုသူတို့

www.burmeseclassic.com

www.burmeseclassic.com



သည် ကျွန်တော်မှတစ်ဆင့် ဂီတကို ကိုင်တွယ်ထိတွေ့ကြတော့မည်။ ဂီတကို သူတို့၏ အောင်မြင်ကျော်ကြားမှု၊ ငွေကြေးရလိုမှုအတွက် အကြမ်းစားအသုံးချ ကိရိယာ အဖြစ် သတ်မှတ်ကာ အသုံးပြုကြပေတော့မည်။ ကျွန်တော့ကို ဂီတသည် ပင့်သက်ပါသော မျက်လုံးများဖြင့် ကြည့်နေသည်။ ကျွန်တော်နှင့်ဂီတတို့ နှစ်ဦးတည်းသိသည့် သဘောတူချက်တွေ များစွာရှိနေသည်။ တိတ်တိတ်ကလေး ချုပ်ဆိုထားသော စာချုပ်တွေ များစွာ ရှိနေသည်။ ဂီတကို ကျွန်တော်က အသက်ရှိနေသူတစ်ဦးအဖြစ် မှတ်ထင်ဆက်ဆံခဲ့သည်။ ကျွန်တော်တို့၏ gentleman promiseတွေကို ကျွန်တော့ဘက်က စတင် မချိုးဖျက်ချင်၊ မချိုးလည်း မချိုးဖျက်ရက်၊ ကျွန်တော် ဘာလုပ်ရမည်နည်း။

ဂီတ၏အကြည့်တွင် ကျွန်တော့ကို နားလည်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တွေပါနေသည်၊ ကျွန်တော်ကရော ဂီတကို ဘယ်လောက်အထိ နားလည်ပေးနိုင်သနည်း။

ဂီတနှင့်ကျွန်တော် ရင်းနှီးကျွမ်းဝင် ခင်မင်ခဲ့သည့်နှစ်တွေက မနည်းတော့ပေ။ တစ်ယောက်အကြောင်းကို တစ်ယောက် နားလည်ခြင်းမက နားလည်ထားပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆုံးဖြတ်ရ ကျပ်လာသည်၊ တစ်ဆက်တည်းမှာပင် ဂီတနှင့်ကျွန်တော်အကြား အလိုက်မသိဝင်လာသော ဧည့်သည်ဆိုးများအကြောင်းကို တွေးကြည့်မိသည်။ သူတို့ ဘာကြောင့် ဝင်လာသနည်း။ အဘယ်ကြောင့်နည်း၊ ကျွန်တော်၏ ထင်ရှားအောင်မြင် လူသိများလာသော အကြောင်းကြောင့် ပါလား။ အောင်မြင်ခြင်း အကြောင်းကြောင့် ဧည့်သည်ဆိုးတို့၏အလိုက်မသိ နှောင့်ယှက်ခြင်းဟူသော အကျိုးတွေ ပေါ်လာရသည်။ အောင်မြင်ခြင်းကို အကျိုးအဖြစ်ပြန်ထားကြည့်လျှင် ဂီတနှင့်ကျွန်တော် ဝိညာဉ်ပူးဆက်ဆက်ဆံခဲ့ခြင်းဟူသော အကြောင်းကြောင့်ဖြစ်သည်ကိုတွေ့ရပြန်သည်။ ဂီတနှင့်ကျွန်တော်၏ဆက်ဆံရေးကို အကျိုးအဖြစ်ထားကြည့်လျှင် ဂီတကို ကျွန်တော် ချစ်ခင် စွဲလမ်းခြင်းဟူသောစွဲလမ်းမှု(တဏှာ)ကို သွားတွေ့ရသည်။ ဒါဖြင့် သည်စွဲလမ်းမှု ဘာကြောင့်ဖြစ်ရသလဲ။ စွဲလမ်းမှုမှန်းမသိလို့ဆိုသောအဖြေကိုတွေ့ရပြန်သည်။

ကျွန်တော် ရင်မောသွားရသည်။

မသိ၍ လိုချင်ခဲ့သည်၊ လိုချင်၍လုပ်ခဲ့သည်၊ လုပ်ခဲ့တော့ ရသည်၊ ရတော့ ဒုက္ခတွေ ကြုံလာရသည်ဖြစ်လာသည်။ ကျွန်တော်သည် ချစ်ခြင်းကြောင့်ဒုက္ခရ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေပြီ။ ထိုဒုက္ခကို ခံစားနေရပြီ။ ကျွန်တော်၏ ချစ်သူကို ကျွန်တော်ကဲ့သို့ မချစ်ကြခြင်းသည် ကျွန်တော့အတွက်ဒေါသဖြစ်စရာတွေဖြစ်လာရသည်။ ကျွန်တော့ရင်မှာ မငြိမ်းချမ်းတော့ပြီ။ ကျွန်တော်ချစ်သူသည် ကျွန်တော့ကို အလုံးစုံသော ငြိမ်းချမ်းမှုမပေးနိုင်သဖြင့်လည်းကောင်း၊ သူနှင့် ကျွန်တော်အကြား ဆက်ဆံရေးကြောင့် ဖြစ်ပေါ်လာရသော ဒုက္ခကို ရှုမြင်သုံးသပ်မိ၍လည်းကောင်း၊ ကျွန်တော့ အနေဖြင့် ဆုံးဖြတ်ချက်တစ်ခု ချရတော့မည်။

နောက်ခံအကြောင်းအမျိုးမျိုးဖြင့် ကျွန်တော့ထံမှတစ်ဆင့် ဂီတနှင့် ဆက်သွယ်ခွင့်ရနေသူများကြောင့် ဂီတသည်လည်း ညစ်နွမ်းစပြုနေပေပြီ။ သူလည်း ဒုက္ခကြီးနေပေပြီ။ သူဒုက္ခကြီးနေသည့် မြင်ကွင်းကို တွေ့ရသော ကျွန်တော့မှာလည်း ပို၍ ဒုက္ခကြီးလာရသည်။ ကျွန်တော့ကိုယ်ကျွန်တော် ဖယ်ရှားပစ်မှအေးတော့မည်။ ကျွန်တော်သည် ဂီတကို ဖန်တီး ရေးသား လုပ်ကိုင်ခြင်းအလုပ်မှ အပြီးတိုင် ရပ်စဲလိုက်ပါပြီဟု ယတိပြတ်ကြေညာလိုက်ရသည်။ ရုတ်တရက်ကြီးဖြစ်၍ တစ်ကြောင်း၊ ကောက်ကာ ငင်ကာ ဖြစ်၍ တစ်ကြောင်း၊ အများက နားမလည်။ အသံတွေ မျိုးစုံ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။ အားလုံးကို ကျွန်တော် ကျောခိုင်းပစ်လိုက်သည်။ အရမ်းချစ်ခဲ့ရသော"ဂီတ"ကိုပါပေါ့။

(၄)

ကျွန်တော်သည် ကျွန်တော်၏ သမုဒယတို့ ဖြစ်ထွန်းပေါ်ပေါက်ရာ ဂီတမှတစ်ဆင့် ဒုက္ခကို မြင်ခဲ့ရသူ ဖြစ်သည်။ ဒုက္ခကိုတော့ ဘဝနှင့်ယှဉ်၍ခံစားပြီး ရင်နှင့်အမျှ သိခဲ့ရပြီ။ သည်တော့ ဒုက္ခ လွတ်ရာလွတ်ကြောင်း ဘယ်မှာလဲ၊ ကျွန်တော် သိချင်သည်။ ကျွန်တော် ရှာချင်သည်။ ဒုက္ခလွတ်ရာအာရုံထဲမှာ ကျွန်တော့် စိတ်ကို နှစ်မြုပ်ထားချင်သည်။ ဘယ်မှာလဲ ငြိမ်းချမ်းမှု။

ဂီတနှင့် relationshipတွေ ရှိပြီးကတည်းက နာမ်အာရုံတွေနှင့် အကျင့်ပါခဲ့သူမို့ ကျွန်တော် နာမ်အာရုံနှင့် ထိတွေ့ရာ နေရာတွင် ဂီတမရှိတော့သည့် နောက်ပိုင်း ကွက်လပ်သဖွယ်ဖြစ်လာသည်။ တစ်ခုခု အစားထိုးရမည်။ ကွက်လပ်ဖြစ်နေသော သဘာဝကြီးနှင့် ကျွန်တော်မနေတတ်။ သို့နှင့် သတိပဋ္ဌာန် အလေ့အကျင့်သည် ကျွန်တော်၏ကွက်လပ်ထဲသို့ ဝင်ရောက်လာသည်။ ကျွန်တော်သည် သတိပဋ္ဌာန် အလေ့အကျင့်ကို အားပြု၍ ငြိမ်းချမ်းမှုကို ရှာဖွေလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကြာလာလေ ငြိမ်းချမ်းမှု အစစ်အမှန် အနီးသို့ တစ်စထက်တစ်စ ချဉ်းကပ်လာနိုင်လေပင်။

သည်သတိပဋ္ဌာန်အလေ့အကျင့်နှင့် ဆက်နွယ် ပတ်သက်၍ ဘဘဦးသုခနှင့် ကျွန်တော် ဆုံဆည်းခဲ့ရသည်။ ဟိုတုန်းက ကျွန်တော် ရည်မှန်းထားသည်က တစ်မျိုးဖြစ်သည်။ ရုပ်ရှင် ဂီတဟူသော အနုပညာ ရေစီးတွင် အရှိန်အဟုန်ဖြင့် မျောပါခဲ့စဉ်က ဘဘထံ ပညာရည်နို့သောက်စို့ရန် ချဉ်းကပ်နိုင်ခွင့်ကို ကျွန်တော် မျှော်မှန်းခဲ့ဖူးသည်။ သို့သော် တစ်ခေါက်တစ်ခါမျှမရောက်ဖြစ်ခဲ့။ လမ်းခုလပ်အချိန်တိုတိုမှာပင် ကျွန်တော် ခြေကုန်လက်ပန်းကျကာမှ ဘဘထံ ရောက်ခဲ့ရသည်။ ဘဘကတော့ လူသာအိုသည်။ အနုပညာ ဖန်တီးလိုစိတ်က နုပျိုနေဆဲဖြစ်သည်။ သို့သော် ဆယ်ကျော်သက်တို့ကို ရင်ခုန်စေမည့် အနုပညာမျိုးကို ဖန်တီးလိုစိတ်မဟုတ်။ အရွယ်သုံးပါးစလုံး အကျိုးရှိမည့် ဗုဒ္ဓဓမ္မကိုအခြေပြုသော ဓာတ်လမ်းများ ဖန်တီးရိုက်ကူးလိုခြင်းသာ ဖြစ်တော့သည်။ သို့သော် ဘဘ ခမျာ အသက်အရွယ်ကြီးရင့်ပြီဖြစ်သောကြောင့် စိတ်နောက်သို့ ခန္ဓာကိုယ် မလိုက်နိုင်တော့ပါ။ အကြားအာရုံ၊ အမြင်အာရုံတို့လည်း ချို့ယွင်းနေပေပြီ။ ပြီးတော့ ဘဘ

www.burmeseclassic.com

www.burmeseclassic.com



က အလုပ်တစ်ခုလုပ်ပြီဆိုလျှင် ကိုယ်တိုင် ကိုယ်ကျ လုပ်ရမှ၊ ကိုယ်ဖိရင်ဖိ ကြီးကြပ်ကွပ်ကဲရမှ အားရ ကျေနပ်သူဖြစ်သည်။ သို့သော် ဘဘ၏ အကြံ အစည် စိတ်ကူးမှန်သမျှသည် ခွင့်မပြုတော့သော ဘဘ၏ ကျန်းမာရေးအခြေအနေကြောင့် စိတ်ထဲမှာသာ သန္ဓေတည်၍ စိတ်ထဲမှာပင် သန္ဓေသားများစွာ ပျက်စီးခဲ့ရသည်။ ပြင်ပသို့ မွေးဖွားသန့်စင် ရောက်မလာနိုင်ခဲ့။

သို့သော် ဘဘသည် စာပေဟောပြောပွဲတွေဖြင့် ထူထောင်အားယူနိုင်ဆဲဖြစ်သည်။ ပြာသိုလပြည့် အမေနေ့ကို မန္တလေးတွင် ဟောပြောသည်။ ဘဘ ဟောပြောချက်သည် မြန်မာပြည် တစ်နံတစ်လျား လှုပ်ခါ သွားသည်အထိ ဂယက်ထခဲ့သည်။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းကျောင်းတိုက်တွင် ဟောပြောသည်။ တပ်မတော်ဆေးတက္ကသိုလ်တွင် ဟောပြောသည်။ နေရာအနှံ့ပါပေ။ ဟောပြောသည့်နေရာ စုံသလို ဟောပြောသည့်အကြောင်းအရာကလည်း စုံလှသည်။ သည်ဟောပြောပွဲတွေထဲတွင် မန္တလေး"အမေနေ့"ဟောပြောပွဲပြီးသည့်နောက် ယဉ်ကျေးမှုတက္ကသိုလ်၌ ဟောပြောသော"ဇေယျတုသဗ္ဗမင်္ဂလံ"သည် ကျွန်တော့ နှလုံးအိမ်ကို ကိုင်လှုပ်နိုင်သော ဟောပြောပွဲတစ်ခု ဖြစ်လာလေသည်...အဘယ်ကြောင့်ဆိုသော်...

www.burmeseclassic.com

www.burmeseclassic.com



(၅)

"ဓေယျတုသဗ္ဗမင်္ဂလံ"။

သည်သီချင်းရေးသူမှာ ဦးပြုံးချိုဖြစ်သည်။ သံစဉ်ထည့်သွင်းသူမှာ စောင်းဆရာကြီးဦးတုတ်ပေါ ဖြစ်သည်။ ဦးတုတ်ပေါသည် ဘဘ၏ အဘိုး တော်စပ်သည်၊ ကျိုက်လတ်မှာနေသည်။ ယယ်စဉ်ကတည်းက မျက်စိနှစ်ကွင်းအလင်းကွယ်ခဲ့ရသည်။ "ဓေယျတု သဗ္ဗမင်္ဂလံ" သီချင်းနှင့် ဆက်စပ်နေသော ဘဘအဘိုး ဦးတုတ်ပေါ၏ဘဝမှာ ရင်နင့်ဖွယ်ရာ။ သည်အကြောင်းကို ဘဘက မြဝတီမဂ္ဂဇင်းတွင် "နှလုံးသွေးပျက်သော တေးတစ်ပုဒ်" အမည်ဖြင့် ဝတ္ထုတိုရေးခဲ့ဖူးသည်။

သည်ဝတ္ထုကိုပင် ဘဘတို့က ဇာတ်ကခဲ့ဖူးသည်ဟု ဆိုသည်။ လွန်ခဲ့သောနှစ် ၃၀ လောက်က ပြည်ထောင်စုနေ့ အခမ်းအနားများတွင် ကပြခြင်းပင်။ ဘဘက သူ့အဘိုးဖြစ်သူ ဦးတုတ်ပေါ၏နေရာတွင် ကိုယ်တိုင် ပါဝင် သရုပ်ဆောင်ခဲ့သည်။ အကယ်ဒမီ မင်းသမီးကြီး ဒေါ်ကြည်ကြည်ဌေးက ဦးတုတ်ပေါ၏ နှမ ဒေါ်လုံမလေး၏နေရာတွင် ပါဝင်ခဲ့သည်။ ဦးချင်းစိန် (ရွှေညာမောင်)က ဦးပြုံးချိုအဖြစ် လည်းကောင်း၊ အေဝမ်းဦးတင်မောင်က ဝန်ထောက်မင်း အဖြစ် လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း သရုပ်ဆောင်ခဲ့ကြသည်။ ဇာတ်မတိုက်ဘဲ ဇာတ်စာသားကို နှလုံးသွင်းကာ စကားပြော အပေး အယူဖြင့် ကခဲ့ကြသည်ဟု ဆိုသည်။ သည်ပြဇာတ်တွင် ပရိသတ်ရင်ကို အထိခိုက်ဆုံးအချိန်မှာ စောင်းဆရာ ကြီး ဦးတုတ်ပေါအဖြစ် သရုပ်ဆောင်သူ ဘဘ ဦးသုခ နှင့်ဒေါ်လုံမလေးအဖြစ်သရုပ်ဆောင်သူ အမေ ဒေါ် ကြည်ကြည်မြေးတို့၏ အပြန်အလှန် အချီအချ ပြောဆို သောအခန်းပင်။

မင်္ဂလာဆောင်သို့မျက်စိကန်းနေသူမလာရ၊ မင်္ဂလာမရှိ။

မျက်စိကန်းနေသူလာလျှင် မင်္ဂလာမရှိ၊ အမင်္ဂလာဖြစ်မည်။

သို့သော် မင်္ဂလာယူရမည့် သီချင်းကို အသံ ထည့်ပေးသူမှာ မျက်စိနှစ်ကွင်းအလင်း မရတော့သည့် စောင်းဆရာကြီး ဦးတုတ်ပေါ။ ကိုယ်ကိုယ်တိုင် ပါဝင် ရေးစပ်ခဲ့သည့် မင်္ဂလာသီချင်းကို ကိုယ်တိုင် တီးခတ် ဖျော်ဖြေခွင့်မရသည့်ဘဝ။ ကြည့်စမ်း။ ဂီတသည် ဦးတုတ်ပေါကို အနှိပ်စက်ကြီးနှိပ်စက်လေပြီ။ ဒုက္ခ ကြီးစွာ ပေးလေပြီ။

"ပြောစမ်းပါဦး လုံမလေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကိုကိုလေး"

"မင်္ဂလာရဲ့အဓိပ္ပာယ်ဆိုတာဘာလဲ၊ ဘုရားဟောတဲ့ မင်္ဂလသုတ်ထဲမှာ အသေဝနာစဗာလာနံ-လူမိုက်တို့နဲ့ မပေါင်းခြင်းသည် မင်္ဂလာတဲ့- မျက်စိကန်းတဲ့သူနဲ့ မပေါင်းရဆိုတာ မပါဘူး၊ မျက်စိကန်းနေတဲ့လူကို အမင်္ဂလာလို့ သတ်မှတ်လို့ရပါ့မလား လုံမလေးရဲ့"

"မရပါဘူး ကိုကိုလေးရယ်၊ ဒါပေမဲ့..."

"ဘာ ဒါပေမဲ့လဲ... အနုပညာကို ထမင်းစားကောင်းရုံ တီးကြတဲ့လူတွေ၊ အနုပညာကို အပြင်ပန်းအပေါ်ယံအသုံးတော်ခံဖို့သာ သတ်မှတ်ကြတဲ့ သူတွေ...ထို"

"သတိထားပါ...ကိုကိုလေးရဲ့"

"ဘာသတိထားရမှာလဲ"

"သတိ"

ဦးတုတ်ပေါ်သည် သတိမထားနိုင်တော့ချေပြီ။ ခံစားချက်က ပြင်းထန်လွန်းနေသည်။ သည်အချိန်မှာ မင်္ဂလာအခမ်းအနား ကျင်းပသည့် အိမ်ဘက်ကစောင်းသံထွက်ပေါ်လာသည်။ သည့်နောက် "ဧယျာဟု သဗ္ဗမင်္ဂလံ" သီချင်း။

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကုန်ပေါက်ကွဲသွားသော ဦးတုတ်ပေါ။

အနုပညာကိုချစ်လွန်း၍ ဂီတကို မြတ်နိုးလွန်း၍ မျက်စိနှစ်ကွင်း အလင်းမရပါလျက် တစ်နယ်တစ်ရပ်ကျေးသို့ ပြေး၍ စောင်းပညာကို တခုတ်တရ သင်ခဲ့ရသူ။ တစ်သက်လုံး အနုပညာစိတ်၊ ဂီတ ထုံမွှမ်းနေသောစိတ်ဖြင့် တယုတယနေထိုင်ခဲ့သူ၊ ယခု သူ တန်ဖိုးထားသော ချစ်ခင်စွဲလမ်းခဲ့ရသော ဂီတက သူ့ကို ဒုက္ခအဖြစ် ပြန်လည်ပေးဝေနေလေပြီ။

သည်နေရာတွင် သူသည် "သတိ" ကလေး ထားမိခဲ့ပါက–

သူအချစ်ဆုံးဂီတက သူ့ကို ဒုက္ခပေးသူထဲတွင် ထိပ်ဆုံးက ပါဝင်နေသည်ကို သူသတိပြုမိမည်သာ၊ ဒုက္ခကို ဒုက္ခမှန်း သတိဖြင့် သိလိုက်ပါက သူ၏ အစွဲအလမ်း မီးသည် ငြိမ်းသွားနိုင်သည်။ နောက်ဆုံးတော့ ဂီတကိုချစ်သောတဏှာ(စွဲလမ်းမှု)သည် သူ့ ရင်ကို မီးစဖြင့်တောက်လောင်စေခဲ့ပြီ။ ဦးတုတ်ပေါ၏ နှလုံးသွေးတို့ ပျက်ခဲ့ရချေပြီ။

သတိထားချိန်ပင် မရလိုက်ဘဲ အစွဲအလမ်း တဏှာကြောင့် တောက်လောင်ခဲ့ရသော သောကမီး၏ လေပင့်ရာ နောက်သို့ တကောက်ကောက် လိုက်ပါခဲ့သော ဦးတုတ်ပေါ၏ စိတ်တွေသည်–

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးတော့ ကျုပ်အဘိုး သည်စိတ်နဲ့ပဲ အသက်ပါသွားရတာပါပဲ"

ဘဘဦးသုခ၏အသံကိုကြားရသည်၊ ဘဘ၏ မျက်လုံးတွေရီဝေနေသည်။ ဟိုအတိတ်ဆီကို လွမ်းဆွတ်နေပုံရသည်။ ဘဘတို့ ကခဲ့သော "နှလုံးသွေးပျက်သော တေးတစ်ပုဒ်" ကို ကျွန်တော်မကြည့်ခဲ့ရ။ ကြည့်ခဲ့လျှင်လည်း ပရိသတ်ကြီးထဲမှာ ကျွန်တော်လည်း ပရိသတ်အများစုနှင့်အတူ မျက်ရည်စတွေ ကြွေကျမိမလားမပြောတတ်။

ကျွန်တော်က ဘဘ၏ "ဧယျတုသဗ္ဗမင်္ဂလံ" ဟောပြောပွဲနှင့် နှလုံးသွေးပျက်ခဲ့သည့် တေးတစ်ပုဒ် ဝတ္ထုပါ တကယ့် အဖြစ်အပျက်နှစ်ခုကို ဆက်စပ်ကြည့်မိသည်။

(၆)

ဂီတကိုချစ်ပုံခြင်း၌ စောင်းဆရာကြီး ဦးတုတ်ပေါ်နှင့် ကျွန်တော် ထပ်တူထပ်မျှ ဖြစ်မလားမပြောတတ်။

သို့သော် ဂီတ၌ ယစ်မူးတွယ်တာ စွဲလမ်းသော စိတ်၏သဘာဝကတော့ တူညီမည်မှာမလွဲပါ။

တစ်ဖန် ဂီတကိုစွန့်လွှတ်ခဲ့ရခြင်း၌လည်း တူ

www.burmeseclassic.com

www.burmeseclassic.com



ညီသည်ဟုဆိုရမည်။ သို့သော် ပုံသဏ္ဌာန်ကား မတူ၊ ကျွန်တော်က ဂီတကြောင့် ဒုက္ခကိုမြင်ခဲ့သည့် သတိ တရားဖြင့် သတိပဋ္ဌာန်နယ်ပယ်သို့ ကူးပြောင်းလာခဲ့ သူ၊ ဘဘ၏ဘိုးဘိုး ဦးတုတ်ပေါကား ဂီတကို ချစ် လွန်းမက ချစ်ရင်းက အသက်ခန္ဓာသေဆုံးမှ ဂီတကို စွန့်လွှတ်လိုက်ရသူ။

အကယ်၍သာ စောင်းဆရာကြီး ဦးတုတ်ပေါ သည် သတိပဋ္ဌာန်အကြောင်းကိုသာ သီချင်း ရေးဖွဲ့ စပ်ဆိုရန် စိတ်ကူးရခဲ့လျှင် သူ့ဘဝနိဂုံးသည် ဂီတ ကြောင့်ပင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သည် ဟု ကျွန်တော်ထင်သည်။

တစ်ဆက်တည်းမှာပင် ဝတ္ထုရေးဆရာ၊ ဇာတ် ညွှန်းရေးဆရာ၊ သရုပ်ဆောင်၊ အဆိုတော်၊ ရုပ်ရှင် ဒါရိုက်တာ၊ ဗုဒ္ဓဓမ္မဘဝများရေးသားဟောပြောရိုက်ကူး နေသူ ဘဘဦးသုခအတွက်လည်း ကျွန်တော် တစ်ခု ဆုတောင်းချင်ပါသည်။ ဤသည်မှာလည်း ဘဘ ကိုယ်တိုင် ရေးသား သီဆိုခဲ့သော သီချင်းတစ်ပုဒ်နှင့် ဆက်စပ်နေပါသည်။

*"ဘဝသံသရာ.. ရှည်လျား.. ထွေပြား.. မနေ မနား.. တစ်သွားတည့်သွားကြတာ၊ ခရီးမှန်းတိုင်..*

www.burmeseclassic.com

www.burmeseclassic.com



*မရောက်မချင်း၊ တစ်ယောက်ဆင်း တစ်ယောက်တက် ဆက်လက်ထွက်ခွာလာ..."*

(၇)

"ဘဘတစ်ယောက် ရှည်လျား ထွေပြားလှသော ဘဝသံသရာကြီးကို မနေမနား သွားနေကြရသူတွေထဲမှ အမြန်ဆုံး နှုတ်ထွက်နိုင်ပါစေ၊ တစ်ဘဝတည်းမှာပင် ကြုံခဲ့ရတဲ့ သံသရာက ရှည်လှပြီမို့ သံသရာ ခရီးကို အမြန်ဆုံး ရပ်နိုင်ပါစေ၊ သံသရာ ခရီး၏ အဓိက တရားခံ စွဲလမ်းမှုတဏှာကြီးကို အမြစ်က နုတ်ရင်း ဘဝမကူးမီ ပညာအလင်းဖြင့် မဂ်ဉာဏ်သို့ ချင်းနင်း ဝင်ရောက် နိဗ္ဗာန်သို့ရောက်နိုင်ပါစေ ဘဘရယ်"

ဟုတ်တယ်နော် ဘဘ။ ဘယ်အကြောင်းမဆို အကျိုး ဖြစ်တတ်ကြတာ၊ အကြောင်းကို သိမှ၊ အကြောင်းကို ဒုက္ခလို့မြင်မှ၊ အကြောင်းကိုပယ်မှ အကျိုးဖြစ်မလာမှာ။

ဘိုးဘိုးဦးတုတ်ပေါ်ရော၊ ဘဘရော၊ ကျွန်တော်ပါ ဂီတဆိုတဲ့ ဝဲသြဃသံသရာကြီးထဲမှာ နစ်မြုပ်စီးဝင် မျောပါခဲ့တယ် မဟုတ်လား။ အဲဒီအကြောင်းကြောင့် နောက်ဆုံးရတဲ့အကျိုးက ဒုက္ခပဲမဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



ဘာဘာ။ ဒါကြောင့်မို့ ကျွန်တော်တို့ ရုန်းထွက်နိုင်ဖို့ ကြိုးစားရအောင်လား ဘာဘာရယ်။

မြသန်းစံ

၃၁. ၁၂. ၉၈

www.burmeseclassic.com

www.burmeseclassic.com

## နှလုံးသွေးပျက်သောတေးတစ်ပုဒ်

### သုခ

"ဇေယျတု သဗ္ဗမင်္ဂလံ"
မင်္ဂလာသြဘာ ယိုးဒယားသီချင်း။
ရေးသူ ဆရာ ဦးပြုံးချို။

ဆရာကြီးဦးပြုံးချို စုဆောင်းရေးသားအပ်သော မဟာဂီတပေါင်းချုပ်ကြီးတွင် ဤသို့ဖော်ပြထားသည်။ ထိုဂီတကျမ်းကို လွန်ခဲ့သော အနှစ် ၄၀ ခန့်က စ၍ သူရိယသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်ဟု ထင်ပါသည်။

သဗ္ဗမင်္ဂလံ၊ ခပ်သိမ်းသော မင်္ဂလာ ဟူသမျှ။
ဇေယျတု၊ အောင်မြင်ပြီးမြောက်ပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



သီချင်းတစ်ပုဒ်လုံး ကောင်းမြတ်သော ဤကွဋ္ဌ မင်္ဂလာ ဩဘာဆုတောင်းစာသားတို့ဖြင့် တင့်ရှန်းလှ ပါဘိသည်။ ခံ့ညားလှပါဘိသည်။ ကျက်သရေပြည့်စုံ ပါဘိသည်။

ခေတ်ဟောင်းမှသည် ယခုခေတ်အထိ အလှူ မင်္ဂလာပွဲနေပွဲထိုင်တို့၌ ဤသီချင်းလောက် တင့်တယ် လျောက်ပတ်သော ဂီတသည် ရှိအံ့မထင်။ တေးသွား တီးကွက်ကို ဆိုရပြန်မူလည်း ရိုးရိုးခန့်ခန့် ကြွေ ပြည့်ဝပါဘိသည်။

သို့သော် ဤသီချင်းသံကို ကြားမိတိုင်း နာမိ တိုင်း ဝမ်းနည်းသလိုလို ကြေကွဲသယောင်ယောင် ဖြစ်ခဲ့ ရသည်မှာ ကျွန်တော်၏ခံစားချက်တစ်ရပ်ပင်ဟု ဆိုရ ပါမည်။

ကျက်သရေမင်္ဂလာ နားဝင်ပါသည့်ကြားက အဘယ်ကြောင့် ဝမ်းနည်းကြေကွဲရပါသနည်းဟု ဆို လျှင် အနှီသီချင်း ဤသီချင်း၏ ဖြစ်ပေါ်လာပုံကို ခပ် မှေးမှေး ကျွန်တော်ကိုယ်တိုင် မှတ်မိနေခြင်းကြောင့် ဖြစ် ပါသည်။

အတိတ်ကိုဆောင်သော်...

ကျွန်တော်ကိုယ်တိုင် လူ့လောကကြီးထဲသို့

www.burmeseclassic.com

www.burmeseclassic.com



မရောက်သေးမီက အစပြုမှ ဖြစ်ပါမည်သာတည်း။ ကျွန်တော်၏ဘွားအေ(ကျွန်တော့မိခင်၏မွေးမေ)မှ ကျွန်တော်၏မိခင်ကို မျက်နှာမြင်ပြီးစက ဖြစ်ပေလိမ့်မည်။

ကျွန်တော့ဘွားအေ ဒေါ်ငြိမ်းမှာ မျက်စိနှစ်ကွင်း အလင်းမရသော မောင်ကလေး တစ်ယောက်ရှိလေသည်။ နာမည်ကား မောင်တုတ်ပေါ ဟူသတည်း။ ဒေါ်ငြိမ်း၊ မောင်တုတ်ပေါ၊ မသိုင်း၊ မလုံမကလေးဟူ၍ ညီအစ်ကိုမောင်နှမ ၄ ယောက်ရှိလေရာ မောင်တုတ်ပေါကလေး ၁၂ နှစ်သားခန့်က ဆော့ရင်းကစားရင်း မျက်စိနာစွဲ၍ ၁၅ နှစ်သားခန့်တွင် လုံး၀ကွယ်သွားရာတော့သည်။ တစ်ဦးတည်းသော မောင်ကလေးဖြစ်ခြင်းကြောင့် စားနိုင်သောက်နိုင် ကြေးရတတ်များဖြစ်သည့်အားလျော်စွာ အမျိုးမျိုး အထူးထူးသော ဆေး၀ါး သမားဟူးရားတို့နှင့်ကုမစေသော်လည်း အချည်းနှီး၊ ကံနာ၀ဋ်နာသဖွယ် ရှိရာလေသည်။

ထို့အတွက်ကတစ်ဆင့် အကြင်နာ ကရုဏာပိုကာ လူပျိုပေါက်ကလေးမောင်တုတ်ပေါအား လိုလေသေး မရှိရ အလိုလိုက်ကြသည်။

မောင်တုတ်ပေါကလေးမှာ တူရိယာဂီတ

www.burmeseclassic.com

www.burmeseclassic.com



ဘက်တွင် ဝါသနာထုံလွန်းသည်။ ပတ္တလား သင်လိုသည်ဆို၍ မန္တလေးမြို့ရှိ အမျိုးများထံ ပတ္တလားတစ်လက် မှာပေးသည်။ စက္ခုဝိညာဏဓာတ် ကင်းမဲ့သလောက် သောတဝိညာဏဓာတ်တွင် အားပိုကောင်းလေရကား တီးခတ်သောအသံတို့တွင် စွဲမြဲစွာ မှတ်မိလေသည်။ သို့သော် မောင်တုတ်ပေါကား သူ့ဘဝကိုသူ မကျေနပ်။

မင်းဘူးမြို့တွင် မြန်မာဘုရင်ရှိစဉ်က နန်းတွင်း စောင်းဆရာအဖြစ် ခစားထမ်းရွက်ရသော ဒေဝဣန္ဒာဘွဲ့ရဆရာကြီးဦးမောင်မောင်ကြီးမှာ ရဟန်းဘဝနှင့် ရှိလေသည်ဟုကြားသောကြောင့် မောင်တုတ်ပေါသည် ထိုဆရာကြီးထံ တပည့်ခံ သွားလိုကြောင်းဖြင့် မကြာခဏ ပူဆာလေသည်။

သူ့အစ်မကြီးဒေါ်ငြိမ်းသည် သူ့မောင်ကလေးမျက်မမြင် ဒုက္ခိတကို ခွဲ၍မထားနိုင်၊ မထားရက်ရှာ။ အမျိုးမျိုးအနည်းနည်း ငိုကစ်လှည့် ရယ်တစ်တန် ချော့မော့ ဖျောင်းဖျနေရရှာသည်။ သို့သော် ဇွဲကြီးသော မောင်တုတ်ပေါသည် အံ့သြဘနန်း ကျိုက်လတ်မြို့မှ မင်းဘူးမြို့အရောက်တိတ်တဆိတ်ထွက်ပြေးလေသည်။

မင်းဘူးမြို့ ဆရာကြီးခြေတော်ရင်းသို့ ဆိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်မြိုက်မြိုက် ရောက်သွားကြောင်း သိရမှ ဒေါ်ငြိမ်းသည် ငွေထုပ်ကို ပိုက်၍ မင်းဘူးမြို့သို့ လိုက်သွားရရှာသည်။ ရဟန်းတော်ဆရာကြီးသည် မမြင်မကန်းနှင့် စွန့်စားလာရောက်သော မောင်တုတ်ပေါကလေးအား ကရုဏာရေ့ထား အကြင်နာပွား၍ အခြားတပည့်များထက် ဂရုစိုက်ရှာလေသည်။

အထက်ပါ အကြောင်းကလေးများမှာ ကျွန်တော့အား မမွေးမီက အကြောင်းများ ဖြစ်လေရာ ကျွန်တော်လူမှန်းသိချိန် ၇ နှစ်သား အရွယ်လောက်တွင်ကား ကျွန်တော့ဘွားအေနှင့်ကျွန်တော့မိခင်တို့ ကိုယ်တိုင် ပတ်ပျိုးတစ်ပုဒ်စနှစ်ပုဒ်စ ယိုးဒယားသီချင်းများကို ဆိုတတ်နေလေရပြီဟု ဆိုသည်မှာ အတင်းအကျပ် ခိုင်း၍ သူ့စောင်းနှင့် အတင်းအဆိုခိုင်းသောကြောင့် ဖြစ်ပေသည်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် မြန်မာစာသင်ကျောင်းက ကကြီးရေးကသတ်ကက်ဟု အော်ပြီး၍ ပြန်လာတိုင်း စည်းတီးပေးနေရချေပြီ။

ထိုအချိန်က ကျွန်တော့အဘိုးလေး ဦးတုတ်ပေါမှာ အသက် ၃၀ ခန့်ရှိပေပြီ။ သူ့တွင် စောင်းနှစ်လက်ရှိသည်။ တစ်လုံးမှာ မှန်စီရွှေချ။ စောင်း၏ လက်တံထိပ်ညောင်ရွက်တွင် 'ဒေဝ' ဟု ရွှေသရိုးကိုင်

www.burmeseclassic.com

www.burmeseclassic.com



စာလုံးကလေးနှစ်လုံးရှိ၍ စောင်း၏ဖင်ပိုင်း ဖလား ဆို သည်၏ ထိပ်နားတွင် 'ဏန္ဒာ' ဟူသော ရွှေသရိုးစာလုံး ကလေးရှိလေရာ ဆရာကြီးဒေဝဏန္ဒာကိုယ်တိုင် သူ့ အား လက်ဖွဲ့လိုက်သော စောင်းမွန်စောင်းမြတ်ဟု မကြာခဏ ဂုဏ်ယူ၍ပြောလေသည်။ ထိုစောင်းကို သူ ကိုယ်တိုင် အလွန် မွန်မွန်မြတ်မြတ် ယုယုယယ ထား လေသည်။

ကတ္တီပါအစိမ်းကို အိတ်ချုပ်၍ စွပ်ထားလေ့ ရှိ၏။ ပွဲကြီးလမ်းကြီးမှတစ်ပါး တခြားအချိန်၌ အပြင် သို့ မထုတ်။ အိမ်သူအိမ်သားများလည်း မကိုင်တွယ်ရ။ သစ်စေးသုတ် ရိုးရိုးစောင်းတစ်လက်ကိုသာ သူ လေ့ ကျင့်ရင်း တီးသည်။

မျက်စိနှစ်ကွင်း အလင်းမရသော်လည်း ဦး တုတ်ပေါသည် နားအလွန်ပါးလေသည်။ ကလေးငယ် ဘဂက ကျွန်တော့ဘဝမှာ မျောက်ရှုံးလောက်အောင် ဆော့သည်။ အခြားနေရာတွင် ကျွန်တော် ဘယ် လောက် ဆော့ဆော့ ကိစ္စမရှိ။ စောင်းတင်ထားရာ အိမ်ခေါင်းရင်းစားပွဲဝိုင်းကလေးအနားသို့ရောက်သွား သံကြားလျှင် ဒေါသကြီးပါလေတော့သည်။

နောက်တစ်ခုကလည်း ရှိသေးသည်။ သူ

www.burmeseclassic.com

www.burmeseclassic.com



မျက်စိမမြင်သည်ကို ကျိုက်လတ်လို မြို့ငယ်ကလေး တစ်မြို့လုံးသိနေပါလျက် မျက်စိကွယ်နေသည့်အချက်ကို သူအရက်ကြီးရက်တတ်သည်။ ထို့ကြောင့် အိပ်ချိန်မှအပ အိမ်တွင်းအိမ်ပြင် မျက်မှန်အနက်ကို အမြဲတပ်ထားတတ်သည်။ အိမ်တွင်းအိမ်ပြင်ဆို၍ ပြောရဦးမည်။ ကျွန်တော့အဘိုးလေးမှာ ညနေတိုင်း မြို့ထဲထွက်၍ အိမ်လည်ရမှ ကျေနပ်သည်။ ဘယ်နေရာနားတွင် ဘယ်သူ့အိမ်ဆိုသည်ကို သူသိနေသည်၊ ခြေလှမ်းများ မှတ်သလား၊ မျက်နှာမူရာကို မှတ်သလား ဟု စပ်စုသော ကျွန်တော်က ခဏခဏ စမ်းကြည့်သည်။ တစ်ခါတစ်ရံ ကျွန်တော်ခေါ်ဆောက်ဆံမှုကြောင့် သူကရယ်၍ အနိုင်ယူတတ်သည်။ တစ်ခါတစ်ရံတော့လည်း 'ငါ့ကို အကန်းမို့ နင်က စမ်းသလား' ဟု လက်ကိုင်တုတ်နှင့် မလွတ်အောင် ရိုက်တတ်သည်။ ဒါသာ ဖြစ်သည်။ သူ့လက်ကိုင်တုတ်ကို ကျွန်တော်က ဆွဲ၍ လမ်းလျှောက်လျှင် 'ငါသူတောင်းစား မဟုတ်ဘူး'ဟု ဒေါသူပုန်ထပြန်ပါသည်။

သူနှင့်လမ်းလျှောက်နည်းကား(ဝါ) သူကြိုက်သလို လျှောက်နည်းကား သူဟန်လွှဲသောလက်ကို ကျွန်တော့ပခုံးနှင့် အစဉ်အမြဲပွတ်တိုက်ကာ စကား

www.burmeseclassic.com

www.burmeseclassic.com



တပြောပြော မသိမသာ ဦးဆောင်စေသောနည်း ဖြစ်သည်။

တစ်ခါက အံ့သြစရာ အကြောင်း ဖြစ်ခဲ့လေသည်။ ဖျာပုံမြို့ အမိန့်တော်ရဦးသာခင်ဆိုသူသည် သူ၏စောင်းလက်သံကို အလွန်နှစ်သက် ခင်မင်ရင်းနှီးစွာဖြင့် ဖျာပုံမြို့သို့ အလည်လာမည်ဆိုက ပင့်ခေါ်ပါရစေဟု ပြောဖူးသည်။ ဒါကို သူက ငြင်းလိုက်ပြီးမှ နောက်တစ်နေ့တွင် ကျွန်တော်နှင့် ဖျာပုံသို့ သွားကြမည်ဟု ပြင်ဆင်ပါတော့သည်။

ကျွန်တော်မခင်လည်း စိတ်မချ၍တားသည်။ ကျွန်တော့ဘွားအေကလည်း မဖြစ်နိုင်တာဟု ကန့်ကွက်သည်။ ကျွန်တော်ကတော့ ကလေးပီပီ မိုက်တိမိုက်ကန်းနှင့်–

"အဘိုးလေးကလဲ အိမ်လဲမသိ၊ ရောက်လဲ မရောက်ဖူးဘဲနဲ့" ဟု ပြောသဖြင့်...

"ဟဲ့...အမိန့်တော်ရ ရှေ့နေဆိုတာ ဆိုင်းဘုတ် မတပ်ဘဲနေမလားကွ၊ ဆိုင်းဘုတ်မတပ်တဲ့ ဒေဝဏ္ဏန္တာ ဆရာကြီးဆီတောင် မင်းဘူးအရောက် ငါလိုက်တတ်သေးတာ၊ လာသာလာ ကမြင်းမသားလေး စကား မရှည်နဲ့" ဟု ဇွတ်ခေါ်၍ လိုက်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖျာပုံမြို့ သင်္ဘောမှ ဆင်းလျှင်ဆင်းချင်း...

"အဘိုးလေး၊ အဲဒီအိမ်ကို လမ်းကလူကြီးတွေ မေးကြည့်ရအောင်" ဟု ဆိုလျှင်..

"ဟယ်....တောသားမှန်း လူသိတယ်၊ ဆိုင်းဘုတ်တွေသာ လျှောက်ဖတ်" ဟု အမိန့်ပေးလေရာ သင်္ဘောဆိပ်နှင့်တစ်လမ်းကွာလောက်တွင်ပင် အခန့်သင့် သွားတွေ့၍ အိမ်ရှင်များက အူယားဖားယား ဆင်း၍ ကြိုရလေတော့သည်။ ထိုနေ့ည တစ်ညလုံး စောင်းတီးလိုက်သည်မှာကား ကျွန်တော် အနားက ငိုက်၍ ငိုက်၍သာ ကျသွားရပါတော့သည်။

နောက်တစ်ခု မှတ်မိပါသေးသည်။

ကျိုက်လတ်တွင် ဝါဆိုလပြည့်နေ့ တစ်နေ့ ဘုရားကြီးတွင် လူအလွန်များပြားနေချိန်မှ ဘုရားဖူး ကျွန်တော့ကိုခေါ်၍ သွားသည်။ ဘုရားကြီးရင်ပြင်တွင် လူအလွန်များ၍ ဘုရားကိုယ်တော်မြတ်ရှိရာ ကျွန်တော် ထိုင်ချလိုက်ချိန်တွင် သူ့မှာက ဘုရားဂန္ဓကုဋိတိုက်၏ ညာဘက်ယွန်းယွန်းသို့ထိုင်၍ ဦးချနေလေပြီ။

ကျွန်တော်ဆိုသောကျွန်တော်ကား စကားပြောလျှင် ကျယ်လောင် ကျယ်လောင် လုပ်တတ်သည်။

"အဘိုးလေး...ဘုရားက ဒီဘက်မှာ" ဟု ပြော

www.burmeseclassic.com

www.burmeseclassic.com



ရုံရှိသေးသည်။ ကျွန်တော်၏ငယ်ထိပ်ကို သူ့တုတ်နှင့် နာနာကြီးနှက်ပြီးလျှင် ပြီးချင်း...

"ဟဲ့... ငါသိတယ်၊ ငါက စနေထောင့်က ကိုယ်တော်ရှိခိုးတာ" ဟု ကြိမ်းလိုက်သောကြောင့် ခတ်သိမ်များက ပြုံးဖြဲဖြဲကြီး ဖြစ်ကုန်ကြရတော့သည်။

ဤအကြောင်းများမှာ ဤဖြစ်ရပ်နှင့် သက်ဆိုင်နေသောကြောင့် ဖော်ပြခြင်းဖြစ်ပါသည်။ အတိုချုပ်ပြောရသော် ကျွန်တော့အဘိုးလေးသည် စောင်းပညာတွင် မာနကြီးသလောက် သူ၏မျက်စိပသာဒ ချွတ်ယွင်းချက်ကို ရက်လွန်းလှသည်။

ကျိုက်လတ်မြို့တွင် မဟာဂီတ သီချင်းကြီးသီချင်းခန့်သီဆိုရာတွင် ကျွမ်းကျင်သူနှစ်ယောက်ကို ကျွန်တော်ကောင်းကောင်းကြီးမှတ်မိသည်။ ပထမပုဂ္ဂိုလ်မှာ ဦးဘာဘူဆိုသော မဟာမေဒင် လူမျိုးဖြစ်၍ နောက်တစ်ဦးမှာစာရေးဆရာ ဦးပြုံးချိုပင်ဖြစ်ပါသည်။

"ကိုဘာဘူက သီချင်းဆိုရာမှာ ဌာန်ကရိုဏ်းကျသကွဲ၊ မောင်ပြုံးချိုကတော့ သူ့မိန်းမသံကလေးနဲ့ နားစွဲသကွဲ." ဟု ချီးမွမ်းလေ့ရှိသည်။

ကျွန်တော် မှတ်မိပါသေးသည်။ ဆရာကြီးဦးပြုံးချိုမှာ အဆိုဘက်တွင်သာမက မင်းသမီးခေါက

www.burmeseclassic.com



တွင်လည်း အလွန်ညက်သော ပျော့ပျောင်းလှပေသည်။

ဦးပြုံးချိုက ထိုအချိန်တွင် စာရေးဆရာ ဖြစ်သည်။ ဦးရှင်ကြီးအရပ်ဇာတ်ကို ဦးစီးရေးသား သင်ကြားပြသသည်။ စာပေပရိယတ္တိ ကျွမ်းကျင်သည်။ ဦးပြုံးချိုသည် ဖျာပုံနယ်တစ်နယ်လုံးတွင် တစ်ဦးတည်းသာရှိသော ဦးတုတ်ပေါ်ထံတွင် စောင်းပညာကို သင်ယူသည်။ ပရိယတ္တိ ကျွမ်းကျင် ကျယ်ဝန်းသော ပညာဖြင့် တေဘုမ္မာအစချီသော ယိုးဒယားကို ဦးတုတ်ပေါ်က တီးကွက်ပေး၍ သူက ဓမ္မဂီတ ဖြစ်အောင် စွမ်းဆောင်သည်။

ထိုသီချင်းမှာ ဦးတုတ်ပေါ်နှင့် ဦးပြုံးချိုအဖို့ ပီတိသောမနဿကြီးတစ်ခု ဖြစ်လိုက်ကြရအောင် လှုတိုင်းက၊ ရဟန်းအချို့ကပင် ချီးကျူးခဲ့ကြသည်။ အလှူမင်္ဂလာ၊ ရှင်ပြုမင်္ဂလာတိုင်း ဦးတုတ်ပေါ်နှင့် ဦးပြုံးချိုမျက်နှာပွင့်ကြ၊ ပညာပွင့်ကြရသည်။

ထိုအချိန်တွင် ကျိုက်လတ်မြို့သို့ နယ်ပိုင်ဝန်ထောက်မင်း ဦးငွေခိုင်ဆိုသူ အရာရှိကြီးတစ်ဦးပြောင်းရွှေ့လာခဲ့သည်။ ထိုပုဂ္ဂိုလ်မှာ စိတ်သဘော ဖြူစင် ကောင်းမွန်လှသည်။ ဘာသာတရား ကိုင်းရှိုင်းသည်။ စာပေပရိယတ္တိအားပေးသည်။ ဆက်ဆံမှုကို

www.burmeseclassic.com

www.burmeseclassic.com



ဦးစားပြုသည်။ ထို့ကြောင့်ပင် ကျိုက်လတ်မြို့၌ မြန်မာသြဘာကလပ်ဟူ၍ အသင်းအဆောက်အအုံနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊ စာကြည့်ပိဋကတ်တိုက်၊ ဓမ္မစကြာဝတ်အသင်းတို့ကို တစ်ပြိုင်နက်တည်းတည်ထောင် ဖန်ဆင်းခဲ့ပေသည်။

ဝန်ထောက်မင်း ဦးငွေခိုင်သည် သူ့အိမ်သို့ စနေနေ့ညတိုင်း ဦးတုတ်ပေါ၊ ဦးဘာဘူ၊ ဦးပြုံးချို (တစ်ခါတလေ ယောင်တိယောင်ကန်းနှင့် ကျွန်တော်ပါ) တို့အား ဖိတ်၍အကျွေးအမွေး အပေါင်းအသင်းနှင့် ဂီတသုတေသနအဖွဲ့ကလေး လုပ်သည်။

ဦးတုတ်ပေါအား စောင်းပညာတွင် ကြည်ညိုသလောက် ဦးပြုံးချိုအား ဗဟုသုတ ဂန္ထဝင်ရတို့ဖြင့် ခင်မင်လေးစားချစ်ကြည်ခဲ့သည်။ တစ်ခါတစ်ရံ ညနေခင်းများတွင် ဦးငွေခိုင်ကိုယ်တိုင် ကျွန်တော်တို့အိမ်သို့ လမ်းလျှောက်ရင်း ဝင်လာတတ်ပေရာ ထိုခေတ်က ကျိုက်လတ်လိုမြို့ကလေးအဖို့ ရာထူးအကြီးမားဆုံး ဝန်ထောက်မင်းရင့်မကြီး တစ်ယောက်လာလည်ခြင်းကို ဂုဏ်ယူရမည့်အစား–

"ဝန်ထောက်မင်း ကျွန်တော်တို့ရှိရာ လာတာကို ကျေးဇူးတော့ တင်ပါတယ်၊ ဒါပေမဲ့ ကျုပ်တို့က

www.burmeseclassic.com



ဆင်းရဲသား ကုန်သည်မို့ ညည့်ဝတ်မကျေနိုင်တာကို ရှက်လှတယ်” ဟု ကန့်ကွက်သောကြောင့်...

“ဆရာက တယ်မာနရှိသကိုး” ဟု ပြောဖူးလေသည်။ ကျွန်တော့်စိတ်အထင် ကျွန်တော် ဆယ်နှစ်ဆယ့်တစ်နှစ်အရွယ်တွင် အဆိုပါဝန်ထောက်ကြီး ဦးငွေခိုင်၏သား(ဘိလတ်ပြန်ဟုထင်ပါသည်) အား (ဖျာပုံအရေးပိုင်လားမသိ) အရာရှိကြီးတစ်ဦး၏ သမီးနှင့် ကျိုက်လတ်မြို့တွင် အလှဆုံးဖြစ်သည့် မြူနီစီပယ်ရုံး ပန်းခြံကြီးအတွင်းဝယ် ကြီးကျယ်သော လက်ထပ်မင်္ဂလာ ဆင်ယင်ရန် စိုင်းပြင်းကြပါပြီ။

“ဝန်ထောက်မင်း သား မင်္ဂလာဆောင်မှာ လမ်းတစ်လျှောက်လုံး ပန်းမွှေ့ရာတွေခင်းမတဲ့”

“ပွဲနေပွဲထိုင်လာသမျှ ရွှေဒင်္ဂါးကမ်းမတဲ့”

“အကျွေးအမွေးမှန်သမျှ ရန်ကုန် ချီဇာတိုက်က လာကျွေးမတဲ့”

“ကျိုက်လတ်ကိုဝင်လာတဲ့ သင်္ဘောတိုင်း အလံတွေ ပလူပျံအောင် လွှင့်ခဲ့ရမတဲ့”

“ရန်ကုန်ကအရာရှိတွေက သင်္ဘောကိုယ်ပိုင်ငှားပြီး အငြိမ့်ပါတင်ပြီး ပွဲထိုင်လာကြမလို့ ဆိုပါလား”

ဈေးမှာလည်း ဤစကား၊ ရုံးမှာလည်း ဤ

www.burmeseclassic.com

www.burmeseclassic.com



သတင်း၊ အိမ်တိုင်းအိမ်တိုင်းလာလတ္တံ့သော ထိမ်းမြား မင်္ဂလာကို ဥက္ကောဠေယျဖြင့် ကြိုဆိုနေကြသည်။

တစ်ညတွင် ဝန်ထောက်မင်းအိမ်၌ ဦးတုတ်ပေါ၊ ဦးဘာဘူ၊ ဦးပြုံးချိုတို့က ဂီတနှင့်ပတ်သက်သော အစည်းအဝေးပြုကြသည်။ ဦးဘာဘူက သီချင်းကြီး သမား ပီပီ ရွှေနန်းထွက် ရွှေတိုက် စာရင်းဝင် မင်္ဂလာ သီချင်းဆန်းများကို အသားပေးတိုက်သည်။ ဦးပြုံးချို က မင်္ဂလာသြဘာသံဆန်း သီချင်းတစ်ပုဒ်ကို တီထွင် ရေးစပ်မည်ဟု ဝိဝါဒဖြစ်ရာက နောက်ဆုံး ဦးတုတ်ပေါ နှင့် ဦးပြုံးချိုက လက်စွမ်းပြခွင့်ရကြသည်။

ထိုအချိန်ကစ၍ နေ့တိုင်းညတိုင်း လိုလို ဦး ပြုံးချိုနှင့် ကျွန်တော့အဘိုးလေး တီးကွက်ရှာလိုက်၊ စာ သားရေးလိုက် တတွတ်တွတ်နှင့် မအားအောင်ရှိသည်။ ထိုအချိန်လောက်တွင် စာရေးဆရာကြီး ဦးပြုံးချို ကိုယ် တိုင်ပင် စောင်းတီးခြင်း၌ အတော်ဝါရင့်ခဲ့လေ၏။ သီချင်း အကောင်အထည်ပေါ်သည်ဆိုလျှင်ပင် ည တိုင်း ညတိုင်း ကျွန်တော်တို့အိမ်၌ အောက်လင်း ဓာတ် မီးကြီးထွန်း၍ သီချင်းတိုက်ကြရာဝယ် အရပ်က လူများ ဝိုင်းအုံ စုပြုံ၍ ပွဲကလေးတမျှ စည်ကားနေသည်ကို ကျွန်တော် အပျော်ကြီးပျော်ခဲ့ကြောင်း ကောင်းကောင်း ကြီး မှတ်မိသေးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်တွင် ကျွန်တော့အဘိုးက စောင်းလက်သံ ဝတိကြ ကြားအောင် တီးပြလိုက်မည်ဟု အံခဲ၍ ကြိုးစားကာ သူ့ယောင်ကြီးပင် တသသ၊ ပိုးပုဆိုးတောင်ရှည်ကြီးကို အသစ်ချုပ်ထားသည်။

ဦးပြုံးချိုကလည်း သူ့အသံနှင့်သူကိုယ်တိုင်ရေးစီသော တေးဂီတအမွှန်ကို ဥာန်ကရိဏ်း ကျကျသီဆို၍ ပြလိုက်မည်။

လက်ထပ်မင်္ဂလာပွဲလည်း တစ်နေ့တခြား နီးကပ်၍လာခဲ့ပြီ။

ဆယ်ရက်အလိုမှ ကိုးရက်၊ ကိုးရက်အလိုမှ ရှစ်ရက်၊ ရှစ်ရက်မှ တစ်စစ တစ်မြို့လုံးလည်း တလှုပ်လှုပ် တရွရွ။

ထိုအချိန်လောက်တွင် မျက်မမြင်ဖြစ်သော ကျွန်တော့အဘိုးလေး မကြားနိုင်သော နေရာ၌ ကျွန်တော့ ဘွားအေနှင့် ကျွန်တော့မိခင်သည် မျက်နှာ ညှိုးငယ်လွန်းသော ဆရာကြီးဦးပြုံးချိုနှင့် ခေါင်းချင်းဆိုင်၍ မျက်ရည်ဖြိုင်ဖြိုင်ကျနေကြရလေပြီ။

"ဟဲ့..ဟဲ့..လူလေး၊ နင့်အဘိုးလေး တို့ ပြောတာတွေမကြားစေနဲ့နော်..သိလား"

ပထမဦးစွာ နှုတ်ဆော့ လက်ဆော့လှသော ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော့်အား အရေးတကြီးပိတ်ပင်မှာကြားကြလေသည်။

ကျွန်တော်ကတော့ ဘုမသိဘမသိ နားယောင် ပက်ကား ရှိတုန်းပင် နောက်မှ သိရသည်ကား ကျွန်တော့အဘိုးလေးအတွက်ရင်နင့်စရာကောင်းလှ၏။

ထုတိသြဘာ မင်္ဂလာ အကြီးအကျယ်ယူသော ဤပွဲကြီး၌ အထူးအမြတ် ရေးစပ်ထားသော ဓေယျတု သဗ္ဗမင်္ဂလံ ပဋ္ဌာန သီချင်းကြီးကို မျက်ကန်းဖြစ်သော ဦးတုတ်ပေါ မတီးစေရ၊ အနိဋ္ဌာရုံမင်္ဂလာဖြစ်ဘိမည်ဟု အခါပေးပုဏ္ဏားတော်များ၏ ကန့်ကွက်ချက်အရ စောင်းတီးခြင်းတော့ သည်းခံပါ၊ မင်္ဂလာပွဲနေပွဲထိုင်သို့ကား ကြွတော်မူနိုင်လျှင် ကြွပါဟူသော သတင်းစကားကြောင့်ဖြစ်လေသတည်း။

ဦးတုတ်ပေါအား မည်သူမျှ ဤစကားကို သွား၍ မပြောဝံ့၊ သူ့ခမျာကတော့ တီးသားလက်သား ကျအောင် အသစ်ဖြစ်သော ပိုးကြိုးကို ကိုယ်တိုင်ကျစ်၍ ဒေဝက္ကန္တာဟူသော ဆရာ၏ လက်ဖွဲ့မင်္ဂလာ စောင်းကြီးကို ကတ္တီပါအိတ်မှချွတ်၍ တဖိတ်ဖိတ်တောက်နေသော မှန်စီရွှေချ အရောင်တို့ဖြင့် ပရိသတ်ဘောင်ဝယ် ပွဲလယ်တင့်စေရမည်ဟု နှုတ်ခမ်းမွေးရေးရေးကို တယ်သ ဖြစ်နေရာဘိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တစ်အိမ်လုံးမှာ လူသေပြီးသော ရက်လည်မသာအိမ်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေကြောင်းကို ကျွန်တော် ကောင်းကောင်း မှတ်မိပါသေးသည်။ ထို့နောက်အဖို့ လူကြီးတွေက ဘယ်သို့ ဘယ်ပုံ ဖျောင်းဖျနားချ တရားပြသည်ကို ကျွန်တော် မသိ၊ ကျွန်တော့အဘိုးလေး နေ့ရောညပါ စောင်းကို ပိုက်၍ ငို ငိုနေရှာသည်ကိုသာ တထိတ်ထိတ်နှင့် မြင်နေခဲ့ရသည်။

ဆိုးရွားသည်ကား ထိုမြို့နီစီပါယ်ရုံးနှင့် ကျွန်တော်တို့အိမ်မှာ မနီးလွန်း မဝေးလွန်း ကောင်းကင်ကသာ အိမ်တွေကို ကျော်၍ ခဲနှင့်ပစ်လျှင် ခဲတစ်ပစ်စာလောက်သာ ရှိသည်။ လက်ထပ်မင်္ဂလာပြုကြသောနေ့က လူတွေ၏ အုတ်အုတ်ကျက်ကျက် သွားလာလှုပ်ရှားမှုကို အိမ်က အတိုင်းသားကြားရသည်။ ဆိုင်းသံဗုံသံတို့ကိုလည်း ကြားနေရသည်။ ထို့နောက် ခပ်သဲ့သဲ့ဖြစ်သော စောင်းသံနှင့် ဇေယျတုသဗ္ဗမင်္ဂလံ။

ကျွန်တော့ အဘိုးလေးသည် နီးရာတွေ့ရာကို လက်နက်ပြု၍ ကျွန်တော်တို့ ဘွားအေ၊ မအေ၊ အဒေါ်တို့အား အသေသတ်ရအောင် မျက်မှန်းဆပြီး လိုက်လေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



သူ၏နှလုံးသွေးပျက်သောရောဂါကား သေရာသည် အထိပင်။

သုခ

www.burmeseclassic.com

www.burmeseclassic.com



# ဖေယျတုသဗ္ဗမင်္ဂလံ

ကဗျာကရက ဇနာခံ၊
ပါမောက္ခ ဂီတာစရိယံ။
သဗ္ဗညုတာဿ တံဗုဒ္ဓံ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ကဗျာကရက ဇနာခံ– ကဗျာစပ်ဆို ထိုထိုကဝိ ပညာရှိတို့တွင်သော်လည်းကောင်း၊ ဂီတာစရိယံ– ဂီတသံသာ ထံတျာ သီကာ ဆိုကာ ရေးကာ စပ်ကာ တီးမှုတ်ကြရာသော၊ အာစရိယံ–ဆရာသမားကြီးတို့ အနက်၌ လည်းကောင်း၊ ပါမောက္ခ– အကြီးအမှူး ဆရာထူး ဆရာမြတ်ဖြစ်တော်မူသော၊ သဗ္ဗညုတာဿ–လောကီ လောကုတ္တရာပရမတ် ပညတ် အရာရာတွင် မတတ်တာမရှိ မသိတာမကျန် သဗ္ဗညုတ ဉာဏ်တော်ရှင်ဖြစ်တော်မူသော၊ တံဗုဒ္ဓံ–သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင်သိမြင်တော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ–ဂီတပညာ မြန်မာစာကို ဝါသနာ ထုံလွှမ်းလှသော ဘုရား

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်သည်၊ သဗ္ဗဒါ–အခါ ခပ်သိမ်း၊ ဝန္ဒာမိ–သဒ္ဒါမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား...။

သာဓုပါ ခင်ဗျာ။

(ဆရာကြီး ဦးသုခ၏ မြတ်စွာဘုရားအား ကန်တော့ပန်းဂါထာအဆုံးတွင် ရွာစား စိန်ကိုဦး၊ ပတ္တလား ဦးခင်လှ၊ စောင်းဦးသက်ဝေတို့ မြန်မာ့ဂီတ ဝိုင်းတော်သားများ၏ ဘုရားကန်တော့ တီးကွက်ပိုဒ်လေးနှင့် တီးမှုတ်ပေးကြသည့်အတွက် ဆရာကြီးက သာဓုခေါ်လိုက်ခြင်းဖြစ်ပါသည်။)

## မြန်မာစာ၏တန်ဖိုး

ကျွန်တော် ပဋိညာဉ်တစ်ခု ဝန်ခံပါရစေ။ ကျွန်တော်ဟာ အဆိုကျော်လည်း မဟုတ်ပါဘူး၊ အတီးဆရာလဲ မဟုတ်ပါဘူး၊ ဒါဖြင့် ဘာဖြစ်လို့ ဂီတအကြောင်းကို ပြောလာရသလဲ ဆိုတော့ ဂီတကို ကျွန်တော်ဝါသနာပါခဲ့ပါတယ်၊ ဒါကြောင့် ပညာရှင် မဟုတ်ပါဘူး၊ ဝါသနာရှင်တော့ ဖြစ်တယ်လို့ ခံယူပါရစေ။ သီချင်းဆိုချင်တဲ့ဝါသနာရှင်, သီချင်းတီးချင်တဲ့ ဝါသနာရှင်များရှိသည့်အနက် ကျွန်တော်က မြန်မာစာကို ချစ်တဲ့ ပင်ရင်း မူလဘူတကြောင့် ဗျာရဲ့

www.burmeseclassic.com



အနှစ်သာရလေးတွေကို ချစ်လာတယ်။ ဘာဖြစ်လို့လဲ။ မြန်မာစာပေမှာ မြန်မာစကားပြေရဲ့ အလင်္ကာမှုတွေဟာ အလွန့်အလွန် ကောင်းပါတယ်၊ အလွန့်အလွန် ဝေါဟာရ ပေါ်ရာဏ ကျယ်ဝန်းပါတယ်။ ဥပမာအား ဖြင့် မြန်မာစာမှာ သဒ္ဒါနည်းအားဖြင့်သော်လည်းကောင်း၊ အလင်္ကာနည်း အားဖြင့် သော်လည်းကောင်း အတ္ထာလင်္ကာရ သဒ္ဒါလင်္ကာရ ဝင့်ဝင့်ကြွားကြွား ပြည့်စုံကြွယ်ဝတာဟာ ကျွန်တော်တို့ခေတ်ကျမှ သိမ်ဖျင်းသွားချင် သိမ်ဖျင်းသွားမယ်၊ လျော့နည်းသွားချင်လျော့နည်းသွားမယ်။ ကျွန်တော်တို့ ဘိုး, ဘေး, ဘီ, ဘင် လက်ထက်က အင်မတန် ထွန်းပသော ရတနာရောင် တဖိတ်ဖိတ် တောက်ခဲ့တာကိုတော့ စာပေအနေနဲ့ကြည့်ခဲ့ရင် ဆရာတော် 'မင်းပူး ဦးဩဘာသ'ရဲ့ ဇာတ်ကြီးဆယ်ဘွဲ့ကို ကြည့်ရှုံမျှနဲ့ မြန်မာစာဟာ ဘယ်လောက်များတန်ဖိုးရှိခဲ့သလဲဆိုတာ သိရပါလိမ့်မယ်။

အဲဒါ အဲဒါ က စ,ပြီး ကျွန်တော်တို့ 'ဝါစုဏ္ဏ' လုပ်လာတာ 'မြန်မာစာသည် ဒို့စာ' 'ကျွန်ပညာ အလိုမရှိ' လို့ ကြွေးကျော်တဲ့ အမျိုးသားကျောင်းသားပီပီ ကျွန်တော့မှာ ဆရာကောင်းတွေ အများကြီး တွေ့ခဲ့ရပါတယ်။ မိတ်ဆွေများရဲ့အလယ်မှာ ကျွန်တော် ဒီလိုပြော

www.burmeseclassic.com



နိုင် ဆိုနိုင်တာဟာ ကျွန်တော့အစွမ်း မဟုတ်ပါဘူး၊ ကျွန်တော့ဆရာ အမျိုးသားကျောင်းဆရာကြီးများရဲ့ အစွမ်းပါ၊ ဂီတနဲ့ ပတ်သက်လို့လဲ ကျွန်တော့မှာ ဆရာတွေ ရှိပါတယ်။ သံလျင်က တယောဆရာ 'ကိုကိုကြည်' ဆိုတာကြားဖူးပါလိမ့်မယ်၊ ကိုကိုကြည်ရဲ့ဆရာ မအူပင် ဦးဘသင်ဟာ ကျွန်တော့ ဆရာပါ။ အဲဒီ ဆရာတွေ အဲဒီဆရာတွေနဲ့ တွေ့ခဲ့ရတဲ့အတွက် ကဗျာကို ချစ်ရကောင်းမှန်းသိတယ်၊ ဂီတကို ချစ်ရ ကောင်းမှန်း သိတယ်။

## ဂီတ၏နက်ရှိုင်းမှု

အရသာရှိတာကို အရသာရှိမှန်းသိရင် ဘယ်နည်းနဲ့မဆို စားချင်လာတယ်၊ 'သဗ္ဗရသံ ဓမ္မ ရသော ဇိနာတိ'ဆိုသလိုပဲ 'ဂီတရသံ ဂီတရသော ဇိနာတိ' ဖြစ်လာတယ်။ ဒီလိုနဲ့ပဲ ကျွန်တော် ကဗျာကို လိုက်စားလာတယ်။ ကဗျာကို သိလာတယ်။ မြန်မာစကားရဲ့ အနှစ်သာရဟာ ကဗျာမှာ ပိုပြီးစုံတယ်၊ စကားပြေထက် ကျစ်လျစ်တယ်၊ သိပ်သည်းတယ်။ ကဗျာက ကျစ်လျစ်တယ် သိပ်သည်းတယ် ဆိုတာကို သိလာရင်း သိလာရင်းနဲ့ လိုက်လာတဲ့အခါကျတော့ ကဗျာကနေ စွန်းထွက်လာတဲ့ ဂီတဟာ အတ္တာလင်္ကာရ အနက်အဓိပ္ပာယ်

www.burmeseclassic.com



အားဖြင့် ကာရံအားဖြင့် အင်မတန် လှပတာကို တွေ့ခဲ့ရတဲ့အပြင် ဂီတမှာ သဒ္ဒါလင်္ကာရ အနိမ့်, အမြင့်, အတက်, အဆင်း, သံစဉ်တွေနဲ့ ချယ်မှုန်းထားတဲ့ အတွက် ကဗျာထက် သူက ပိုပြီး ဆွဲဆောင်လာပြန်တယ်၊ လှပလာပြန်တယ်၊ ချစ်စရာကောင်းလာပြန်တယ်။ ကဗျာမှာ သံစဉ်ဟာ တံတိုင်းခတ်ထားသလို ရှိတယ်၊ ရတု, ရကန်, အဲအန်, လူးတား, တေးထပ်, ဘောလယ်များဟာ သံစဉ်ကို လွန့်လူးလို့ မရပါဘူး။ တေးထပ်ဆိုရင် ဒီတေးထပ် အသွားနဲ့ပဲ စာလုံးသာ ပြောင်းသွားမယ် စာသားသာ ပြောင်းသွားမယ်၊ တေးထပ် အသံကတော့ ဒီအတိုင်းပဲ လာရမယ်။

## အစိပ္ပာယ်သိရင်

ဒီတော့ နက်ရှိုင်းလာလေ ဂီတကို ကျွန်တော်တို့က ချစ်လာလေ၊ ချစ်လာလေ ပို၍ လိုက်စားလာလေ။ အဲဒီတော့ ကျွန်တော်တို့မှာ ဘာဖြစ်လာလဲ။ ကျွန်တော့လောဘကို ပြောပါ့မယ်။ ကျွန်တော့လောဘကို အားကျမယ်ဆိုရင် အားကျထိုက်တယ်ဆိုရင် အားကျပါ၊ ကျွန်တော် သီချင်းကို ရိုးရိုး မဆိုချင်တော့ဘူး။ သီချင်းထဲက အဓိပ္ပာယ် အနက်ကလေးတွေကို သိချင်လာတယ်၊ သိချင်လို့ လိုက်ရှာလို့ သိလာတဲ့အခါ ကျ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီစာသားကို ကျွန်တော် သီချင်း ဆိုရုံ မဆိုတော့ဘူး၊ နှလုံးသည်းပွတ်ထဲက ခံစားချက်ကို ကျွန်တော် ထုတ်ဆိုပါတယ်၊ ဒါကြောင့် သီချင်း ဆိုရုံ မဆိုကြပါနဲ့၊ သီချင်း စာသားရဲ့ အနက် အဓိပ္ပာယ်ကို လေ့လာပါ၊ လေ့လာပြီးမှ ခံစားချက် ကလေးတွေနဲ့ ဆိုရင် အရသာ ပိုတွေ့လာပါလိမ့်မယ်။

သီချင်းဆိုတဲ့ပုဂ္ဂိုလ်တစ်ယောက်ရဲ့ သတ္တုကို ချကြည့်မယ်ဆိုရင် ဘာဖြစ်လို့ သီချင်းဆိုသလဲ၊ သူ့ အသံ သူ ကြားချင်လို့ သီချင်းဆိုတယ်၊ ဒါယုတ္တိ အရှိဆုံးပဲ၊ သူ့ အသံ သူကြားပြီးတော့မှ သူ့အသံလေးနဲ့ သူ သာယာနေပြီးတဲ့ အခါကျတော့မှ သူများ ကြားစေချင်တဲ့ အဆင့် ရောက်သွားတယ်။

ဝိနည်းတော်မှာ ရဟန်းတော်များ ဂါထာ ရွတ်တဲ့အခါမှာ 'နှစ်မတြာ' အထိ မရှိစေနဲ့၊ ဂီတသံ ပါသွားမှာ စိုးတယ်။ ဂီတသံပါသွားတော့ ဘာဖြစ်လဲ၊ အဲဒီ ဂီတသံလေး ကိုယ့်အသံလေး ကိုယ်နှစ်သက်သွားမှာ သာယာသွားမှာ စိုးလို့တဲ့။ ဒါ့ကြောင့် ဥပေါသထ သီလမှာ နစ္စ, ဂီတ, ဝါဒိတ ဆိုတာတွေ ထည့်ထားတာပါ၊ ပထမတုန်းက ကိုယ့်အသံလေး ကိုယ်သာယာစေချင်တယ်၊ အခု ကျွန်တော်လဲ ဒီလိုပဲ၊ ကိုယ့်အသံ

www.burmeseclassic.com

www.burmeseclassic.com



လေး ကိုယ် သာယာတယ်၊ အနက်အဓိပ္ပာယ်တွေ့တော့ ပိုပြီး သာယာတယ်၊ ပိုကျေနပ်တယ်၊ အိုး... ကျွန်တော်တို့ သီချင်းဆို၍ မျက်ရည်လည်ဖူးတယ်။ သီချင်းဆို၍ ရှိုက်ငိုဖူးတယ်၊ အရသာသိသွားပြီ။ အဲ-သီချင်းဆို၍ ကြည်နူးဖူးတယ်၊ သီချင်းဆို၍ မြတ်စွာဘုရားကို ကန်တော့ရတာ အိုး...ဘာနဲ့မှမတူပါဘူး။

ရာမာခရစ်ရှနာဘုန်းတော်ကြီးက ပြောတယ်။

"ဘုရားကို မင်းတို့ တမ်းတတယ်ဆိုတာ ရှိုက်ကြီးတငင်များ ငိုခဲ့ဖူးရဲ့လား၊ မငိုခဲ့ဖူးသေးရင် ဘုရားကို မင်း တကယ်တမ်းတခဲ့ဖူးခြင်း မရှိသေးပါဘူး"တဲ့။

အခု ကျွန်တော် ဆိုလိုတာက ဂီတရဲ့စွမ်းပကားကို ပြောနေတာပါ။

## အရသာ ၆ မျိုး

ဂီတကို ကျွန်တော်တို့ ပိုင်းကြည့်ရအောင်၊ ၆ မျိုးထွက်လာတယ်၊ ခံစားချက်အရသာ ၆ မျိုး ထွက်လာတယ်၊ ကဗျာ လင်္ကာမှာ စာပေတွေမှာတော့ ရသ ၉ မျိုးဆိုတာ ရှိကြပါတယ်။ ချစ်, ရွှင်, သနား, တည်ကြား, ကြမ်းကြုတ်, စက်ဆုပ်, ကြောက်ရွံ့, ရဲဝံ့, အံ့ဩ နော အရသာပေါ့၊ ဂီတကျတော့ အမျိုးအစားအားဖြင့် ကြည့်လိုက်တော့ ၆ မျိုး ထွက်လာပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါ ကျွန်တော့်ညာဏ်နဲ့ ကျွန်တော် ပြောတာပါ၊ မှားရင် ကျွန်တော် တာဝန်ယူပါတယ်။

၁။ ငြီးငြူခြင်း၊

၂။ တမ်းတခြင်း၊

၃။ ကြွေးကြော်ခြင်း၊

၄။ ကြည်နူးခြင်း၊

၅။ ကြည်ညိုခြင်း၊

၆။ ချီးပခြင်း၊

အဲဒီ ၆ မျိုး ကျွန်တော်တွေ့ရပါတယ်၊ တစ်ခုချင်း ရှင်းပြပါရစေ။

## ငြီးငြူ

ပူဆွေးခြင်း၊ ငြီးငြူခြင်း။ မဟာဂီတထဲမှာ ကြည့်ပါ၊ ကျွန်တော်နည်းနည်းပဲပြောပါမယ်၊ ဒီပြင် အများကြီးရှိပါတယ်၊ တစ်ပုဒ်ပြောရင် သိပါတယ်။ ဥပမာ ကြုံလေဘုံဗွေပတ်ပျိုး၊ နားထောင်ကြည့်စမ်းပါ။

*"ကြုံလေ...ဘုံဗွေ၊ ဆောင်တွေမှိုင်...မိရင်း၊ ကံ–ကံငယ်ခေလို့သာ...ကြုံရလေခြင်း...၊ ကြမ္မာငယ် ယိုယွင်း၊ ကြိုဟ်မင်းက...မယ်ကိုမွေ...၊ နတ်မင်းတို့ နေနိုင်...ပေ..."*

အမယ် အပုတ်သားပဲ၊ ဆရာနဲ့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ထားသလိုပဲ၊ ဟုတ်တုတ်တုတ်ပဲနော်။

(ဆရာကြီးက ကြုံလေဘုံဖွေပတ်ပျိုးကို အသံနေအသံထားနှင့် ဆိုပြစဉ် မြန်မာဆိုင်းဝိုင်းအဖွဲ့က ပို့တီးပေးခဲ့သောကြောင့် ဆရာကြီးက ဝိုင်းတော်သားများဘက်သို့ လှည့်ပြီး နှစ်ထောင်းအားရ ကျေးဇူးတင်စကား ပြောလိုက်ခြင်း ဖြစ်ပါသည်။)

အဲဒီလိုဟာလေးတွေ တွေ့ရပါလိမ့်မယ်။ ဒါဟာ ဘယ်သူကြားကြား၊ ကိုယ့်ဟာကိုယ်ငြီးငြူပြီး ပြောလိုက်ရ၊ ဆိုလိုက်ရ၊ ငိုလိုက်ရရင် တစ်ဝက်လောက်သောက၊ ပရိဒေဝရော့သွားတယ်လို့ထင်တယ်။ ဒီတော့ သူပြောချင်တဲ့ အဓိပ္ပာယ်လေးတွေကို သေချာသိလာတဲ့အခါကျတော့ သူ့ဆီက တစ်ဝက်လောက် သောကတွေ ခံစားပြီး ကျွန်တော်တို့မှာ လွမ်းရတယ်၊ ဆွေးရတယ်။

အနုပညာ ဆိုတာဟာ သူများဆီက အတုယူတာ။ 'အနု'ဆိုတာ အစဉ် လိုက်တာတဲ့၊ ပါဠိလို။ မြန်မာလို ကျတော့ အနု ဆိုတာ အစစ် မဟုတ်တာတဲ့၊ သူပူတယ်၊ သူပူတာကို ကြည့်ပြီး သူပူတာကို ကိုယ်က အားကျပြီး ကိုယ်က ပူချင်လာတယ်၊ တခြား မကြည့်နဲ့ ရုပ်ရှင် ကြည့်ပါ၊ ဇာတ် ကြည့်ပါ၊ မင်းသမီးက ငိုတယ်၊ မဟုတ်မှန်း သိသားပဲ။ သူ ငိုတယ်၊ သူငိုတာကို အား

www.burmeseclassic.com

www.burmeseclassic.com



ကျပြီး ကိုယ်က ငိုချင်လာတယ်၊ ဘာဆိုင်လဲ၊ ကိုယ်နဲ့ မဆိုင်ဘူး၊ သို့ပေမဲ့ အနုပညာ၊ အနုဆိုတာ အစဥ်လိုက်တာ၊ သူ့နောက်ကို လိုက်သွားတာ၊ ဒီလိုပဲ ဆိုကြပါစို့။

*"အို.. ပူပုံပန်း.. လွမ်းဖွယ်စေ၊ ဖြေမဆည်နိုင် ... ငယ်က ကျွမ်းကို လွမ်းလို့ ခွေကာယိုင်"*

ဒါလဲ သူ့ဟာသူ ငြီးတာပဲ။

**တမ်းတာ**

ငြီးငြူတယ်၊ ပူဆွေးတယ်၊ ပြီးတော့ ဘာဖြစ်လာသလဲ၊ တမ်းတလာတယ်၊ ဒါ-သိပ်ပူဆွေးတာ မဟုတ်ဘူး။ ဟိုဟာလောက် မခံစားရဘူး။ သို့သော် တမ်းတလာတယ်၊ ဖြစ်ချင်လာတယ်။ ဒွေးချိုးလေးတွေ ဘာလေးတွေ ရှိတယ်၊ ဥပမာအားဖြင့်-

*"ကြာခြည်ယံ နာ့ရိပြန် ပဟိုရ်ငြိမ့်ပါလို့၊ မေး မိတ်လို့ စက်ပါသော်၊ ရေး...ရေးမျှ မပျော်"*

သည်းခံတော်မူကြပါခင်ဗျား၊ ကျွန်တော် အဲဒီလို အသံလေးထည့် ဆိုချင်ပါတယ်၊ ကြီးတောင့် ကြီးမနဲ့နော်။ ကျွန်တော် ဒါလေးတွေ နှစ်သက်လွန်းလို့ ကြည်ညိုလွန်းလို့ ချစ်လွန်းလို့ပါ။

*"လာနိုးငယ်မျှော်...ကြာပေါ်မြင့် ဆောင်ထီး၊ လာနိုးငယ်မျှော်...ကြာပေါ်မြင့်ဆောင်ထီး၊ ရွှေဘော*

www.burmeseclassic.com

www.burmeseclassic.com



*တော် တစ်ညဏ်ပွေလို့၊ မလာနေ တာရှေလှတာက၊ တွေးရ ခက်ကြီး၊ တွေး...တွေးရခက်ကြီး"*

သူ့ဆီမလာလို့၊ ဟိုဟာလောက် မျက်ရည်မကျဘူး၊ တမ်းတရုံလေး တမ်းတဟာ။ ပတ်ပျိုးထဲမှာ ကြည့်၊ အများကြီးရှိတယ်၊ 'မြမြ မောင်းမောင်း' ကြည့်။

*"ဝေယန်လယ်...စံပယ်မြနှယ်လေ၊ 'ရ'တစေ နေလွန်းအား၊ ပူသူများ...ပူရော့မယ်...လေ့-လေ့၊ မေ့ရက်ကယ်နေနိုင်တယ်"*

ကြည့်စမ်းပါဦး၊ လှလိုက်တဲ့ စကားလုံးလေးတွေ၊ ကြည့်-ကိုယ့်လင်ကို 'ဝေယန်လယ် စံပယ်မြနှယ်လေ' တဲ့၊ ဘုရင်မင်းတရားကို စိတ်ဆိုးပေမယ့် ကိုယ့်လင်တော်မောင်ကို "သေချင်းဆိုးကြီးက မလာဘူး၊ မေ့နေတယ် ထင်ပါရဲ့" လို့ ပြောလို့မရပါဘူး၊ 'အာဏာလျှံ' ရာဇဂိုဏ်း သင့်မှာမို့ပေါ့ဗျာ။ ဝေယန်လယ်မှာ-နန်းတော် အလယ်မှာ၊ 'စံပယ်မြနှယ်လေ'။ ကြည့်စမ်း-မိဖုရားဟာ ဘယ်လောက် ပညာတတ်သလဲ၊ မဏိသျှုတ္တရကျမ်းကို ဘယ်လောက် ကျွမ်းကျင်သလဲ ဆိုတာကို သိလေ ပိုပြီး သနားစရာကောင်းလေ၊ မြ ဆိုတာ အင်မတန် အေးချမ်းတယ်၊ အရောင်အဆင်း အားဖြင့် စိမ်းတယ်၊ ကြည့်စမ်း ၂ ခုလုံး ပါအောင်၊ နန်းတော်

www.burmeseclassic.com

www.burmeseclassic.com



အလယ်မှာတော့ စိမ်းစိမ်းကားကား အေးအေးချမ်းချမ်း ကြီးနဲ့ သူနေတယ်။

" 'ရ'တစေ၊ နေလွန်းအား"

မြနှယ်လေ'ဆိုလို့ ကာရံလိုက်ပြီး 'ရတစေ' ဆိုရင်မှားပါလိမ့်မယ်။ ရ,တစေဆိုမှမှန်ပါတယ်။ ('ရ'ကို လျှာလိပ်သံဖြင့် ရွတ်ဆိုပါ) 'ထူးမခြားနား' ထဲမှာလဲ 'ရွှန်းရရွှန်းလင်း'ဆိုရင် မှားပါလိမ့်မယ်။ ရွှန်း'ရ' ရွှန်း လင်းပါ။ ဒါတွေဟာ အညာ ပေါ်ရာဏ စကားတွေပါ။ "ရွှန်း'ရ' ရွှန်းလင်း" "စိ 'ရ' ရိ" "တွဲ 'ရ'ရွဲ" "တ'ရ'စပ်" အခု" 'ရ'တစေ" ဆိုတာက သေချင်သေပစေ၊ နေချင်နေ ပစေ၊ သူ့ဟာသူ ဘာဖြစ်ဖြစ် ဖြစ်ပစေလေ။ အဲဒီလို ပစ်စလက်ခတ်ထားတဲ့စိတ်သဘောကို'ရ'တစေလို့ ခေါ် တယ်။ ရှေးဘိုနယ်မှာ သုံးတဲ့စကားတွေပေါ့၊ ဟိုတုန်း က သုံးတာ။ ဒါကြောင့်–

*"ဝေယန်လယ်...စံပယ်မြနှယ်လေ၊ 'ရ' တစေ နေလွန်းအား၊ ပူသူများ ပူရော့မယ်...လေ့...လေ၊ မေ့ ရက်ကယ် နေနိုင်တယ်"*

မေ့ပုံကလေးလဲ ပြောဦးမယ်နော်။ 'ပူသူများ ပူရော့မယ်လေ့...လေ' ငါတော့ မသွားနိုင်တော့ဘူး သူကတော့ ငါ့ကို မျှော်နေမလား၊ ပူဆွေးနေမလား လို့

www.burmeseclassic.com

www.burmeseclassic.com



တောင် ထည့်မတွေးဘူးတဲ့။ ကြည့်စမ်း၊ ဒါဟုတ်တာ မဟုတ်တာ အပထား၊ သူ့ ခံစားချက် ကလေး။ အဲဒါလေးတွေက အများကြီး ပါဗျာ၊ ချစ်စရာကောင်းတာလေးတွေ အများကြီးပါ။

တမ်းတလွန်းအားကြီးတော့ ဘာဖြစ်လဲ။ ဘုရားကိုတိုင်တယ်၊ ဘုရားတပည့်တော်မကို ကယ်တော်မူပါဦး ဘုရား။ ဖြေလျော့ခွေပတ်ပျိုးကိုကြည့်။

*"ဖြေလျော့ခွေ... ရှိကေ ရှိရှင်ထား ...ပါလို့လေး...၊ မုန်စိတ္တွေပရမေ၊ ကိုယ်တော်ဖျားငဲ့လေး"*

မိန်းမသားပီပီ ဘုရားရှိခိုးလိုက်ပါတယ်။ ဘာဆက်ပြောလဲ။ ကျော်ပြီး ပြောရရင်–

*"ချစ်သူငယ် သူကား ဝေးပါပေါ့ဘုရား"*

ဒါဘုရားကို တိုင်တည်တာ။

*"ထွေပြား သစ္စာဆိုသူ"*

တွေ့ကာစ,တုန်းက ဘုရား တပည့်တော်မအပေါ်မှာ အမယ်လေး သစ္စာတွေ ဆိုလိုက်တာ၊ ထွေထွေ ပြားပြား အမျိုးမျိုး ဆိုပါတယ် ဘုရား။

*"ထွေပြားသစ္စာဆိုသူ၊ မေတ္တာညှိမှုငြိး...ပြီထင့်လေး...၊ အခုတော့ သွေလျားပစ်ခွာ ..သွေလျှားပစ်ခွာ၊ သစ္စာဆိုသူ...ရှိပြီထင့်လေး"*

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကိုအောင်သွယ်ခိုင်းတာ၊ တမ်းတတာ။ ဒါပါပဲ။ ဘုရားတင်မကပါဘူး၊ ချစ်သူရှိရာကို ကျေးကလေးပါ စေချင်လာတယ်၊ ပြောလိုက်ပါပေါ့၊ ကြည့်စမ်း၊ အဲဒါ ရွှေတိဂုံသမိုင်းဘွဲ့မှာပါ။ 'ထွန်းလင်း လျှံလက်'ပေါ့၊

*"ထွန်းလင်းလျှံလက်၊ ဖလ်စက်လျှံ၊ သန္တာရည်သွေး...လည်ရေးမြတောင်ပံ...ဟန်တချီချီကျူး၊ တောင်ပံ ရိုက်ကာမြူး..."*

မြလေးပန်းတွေကို ကျေးလေးဖြစ်ပါစေဆိုပြီး သစ္စာအဓိဋ္ဌာန်နဲ့ မြှောက်လိုက်တယ်၊ ကျေးလေးဖြစ်သွားတဲ့အခါကျတော့ တာဝတိံသာက ကိုသက္ကဆီသွားပြီးတော့ "ငါ့အပူတွေ သွားပြောစမ်းပါ့ ကျေးလေးရယ်' လို့။ ကြည့်စမ်း၊ ဘုရားတိုင်ရတု၊ ကျေးစေရတု။

*"ရွှေချိုင့်စံ ဟိုကျွန်းက..မလွမ်းခင်ပြန်ခဲ့ပ–စိန်ချိုင့်စံ မှန်ပုံနှစ်ကယ် ဘုန်းတော်ဖြစ်ကျေး"*

(ရွှေတိဂုံစေတီတော်၏ ဒါယကာ ဥက္ကလာပမင်းကြီး၏မယ်တော်လောင်းဖြစ်သော မယ်လမုက ချစ်သူသိကြားမင်းထံ ကျေးစေဟန်ပတ်ပျိုး ဖြစ်ပါသည်။)

ဒါလေးတွေ ဆိုတော့ ပိုသနားသွားတယ်၊ ပိုသနားချင်လာတယ်၊ မြန်မာစာ မြန်မာ့ဂီတကို ကြိုက်

www.burmeseclassic.com

www.burmeseclassic.com



စရာလေးတွေကောင်းလာပါတယ်။ လူဆိုတာ ပုထုဇဉ် တွေပါ။ ကောင်းမှန်းသိရင် ကြိုက်လာတယ်၊ ကောင်းမှန်းသိအောင် ကျွန်တော်တို့က မလုပ်တတ်ဘူး၊ ကောင်းမှန်းသိအောင် ကျွန်တော်တို့က ဝါဒမဖြန့်ဘူး။ ဒါ့ကြောင့်မို့လို့ ဘေးက ဝင်တယ်၊ ဘေးက ဝင်တာ ဘာဖြစ်လို့လဲ၊ အိမ် မခိုင်လို့၊ ထရံပေါက်တွေရှိလို့ပါ။ ထရံပေါက်သာ မရှိရင် ဘေးက မဝင်နိုင်ပါဘူး။ အဲဒီတော့ ဒါလေးတွေ ချစ်ရကောင်းမှန်းသိအောင် ကျွန်တော်တို့က ပြောပြောသွားလို့ရှိရင် မြန်မာ့ဂီတကို ချစ်လာကြပါလိမ့်မယ်။

## ကြွေးကြော်

ဒါကြောင့် ခုနပြောတဲ့ ဦးငြိုတယ်၊ တမ်းတတယ်။ နောက်တစ်ခါ ကြွေးကြော်တယ် ဆိုတာ၊ ဇာတိမာန်လေးတွေပါလာတတ်တယ်။ ကိုယ့်ကိုကိုယ်အထင်ကြီးတာတွေပါလာတယ်။ဥပမာ "ချီလေတဲ့ ချီလေ"လိုဟာမျိုးမှာ ပါလာတတ်တယ်။ ဒီခေတ်မှာ ကြည့်ပါ၊

*"တရား မျှတ လွတ်လပ်ခြင်းနဲ့ မသွေ ဒို့ပြည် ဟော့ ဒို့ပြည်"*

ကြွေးကြော်တာ၊ ကြွေးကြော်တာ။ အဲဒီလို ကြွေးကြော်တဲ့ထဲမှာ နတ်ချင်းတွေ ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



*"မင်းကျော်စွာလို့မကျော်လား ဝေးရာက ရှား"*

ဝေးဝေးက နေကြစမ်း ဟေ့။ ဒါကြွေးကြော်တာ၊ ကြွေးကြော်တာ။

*"အရက်ပေါတဲ့ မြောင်းတူးရွာ ... သာလွန်းလှလေး"*

ကြွေးကြော်လိုက်တာ။

**ကြည်နူး**

ကြွေးကြော်ပြီးတော့မှ ကြည်နူးတာတဲ့။ ကိုယ့်အချစ်ကလေးနဲ့ကိုယ် ကြည်နူးနေတာ၊ ကိုယ်စိတ်ကူးနဲ့ကိုယ် ကြည်နူးနေတာ။

*"ချစ်လို့ရယ် မကုန်၊ ဝသုန်ဤမြေ၊ သိကြားစေ သက်သေညွှန်း"*

ဒါကြည်နူးတာပေါ့။ ကိုယ့်အဖြစ်နဲ့ ကိုယ်သနစ် ကလေး၊ ကိုယ့်အခြေအနေလေးကို ကြည်နူးပြီးတော့နေတယ်၊ တောတောင်သဘာဝတွေကိုလဲ ကြည်နူးပြီးတော့နေတယ်၊ ကြည်နူးတယ်၊ ဥပမာ တောတောင်သဘာဝရာသီပန်းမန်ကအစ ကြည့်ပြီးတော့ ကြည်နူးလို့နေတယ်၊ ဟာ–မြင်ရတာ ကြည်နူးလိုက်တာ၊ ပုဂ္ဂိုလ်သဘာဝကိုလည်း ကြည်နူးလိုက်တာ၊ ဥပမာအားဖြင့် 'နံ့သာနီတောင်' ကိုကြည့်။

www.burmeseclassic.com

www.burmeseclassic.com



"နံ့သာနီတောင်၊ ဖန်ဆိုးနဲ့လဲဝတ်ကြောင် ...၊ ကေဥသျှောင်ပယ်လို်း...၊ ရာန်နဲ့နီး... ပုတီးလက်တွင်ဆောင်...၊ ခရီးမဂ္ဂင်ဖောင်..."

ကျောင်းသခ်မ်းကို ကြည့်ပြီး ကျေနပ်ပြီး ကြည်နူးလိုက်တာ၊ ဒါတင်ပဲလား၊ အများကြီးရှိတယ်၊ ကြည်နူးတာတွေ အများကြီးရှိတယ်၊ ရာသီတွေ ကြည့်ပြီး ကြည်နူးတာတွေ။

"အောင်မြေသာစံ...၊ သောင်ယံသဲ...က...၊ ပုလဲ...လို...လို...ခင်းသာ...တယ်...ကို...၊ နေညို...ညို...၊ တိုးရိုင်ယ်...စီး...ပါလို့..."

ကျွန်တော့ကို ခေါ်ခေါ်နေပါတယ်၊ ကျွန်တော်က ဆိုချင်လှလို့မဟုတ်ပါဘူး။ သူတို့ဆွဲဆွဲ ခေါ်နေလို့ပါ။ အဲဒီတော့ ကျွန်တော်ကလဲ လိုက်သွား ချင်တာပေါ့။

(ဆရာကြီးက သူ၏အဆိုကို လိုက်တီးပေးနေသော ရှာစားတို့အား လက်ညှိုးညွှန်၍ ပြောလိုက်ခြင်းကြောင့် ပရိသတ်များ ပွဲကျသွားပါသည်)

## ကြည်ညို

အဲဒါမျိုးလေးတွေလဲ ရှိပါတယ်။ ကြည်နူးရာကနေ ကြည်ညိုလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုလာတယ် ဆိုကတည်းက 'ထူး မခြားနား'ပေါ့။

'ထူးမခြားနား'ဆိုတဲ့ သီချင်းခန့်ဟာ 'ယိုးတီး ယားတား' မဟုတ်ပါဘူး။ သေချာကြည့်လိုက်တော့ ရောင်တော်ဘွဲ့လို့ ထင်ကြလိမ့်မယ်၊ ရောင်တော်ဘွဲ့ မဟုတ်ပါဘူး။ 'ယမကပါဠိဟာသုတ်'ကို တက်တဲ့အခါ ကျတော့ ယမကပါဠိဟာ ရေအစုံ မီးအစုံ ပြတော်မူနိုင် သော မြတ်စွာဘုရားရဲ့ 'ဣဒ္ဓိဝိဓ အစိန္တေယျ' ကို မှန်း တာဖြစ်ပါတယ်။ ရေးတဲ့သူက 'မြဝတီ မင်းကြီး'၊ သွား ပြီး ဩဝါဒခံယူရတာက 'မောင်းထောင် ဆရာတော်' သာသနာပိုင်ကြီးပါ။

ကျွန်တော်တို့ငယ်ငယ်က စိတ်ဝင်စားစရာ ကောင်းတာတွေ ရှိပါတယ်။ 'ထူးမခြားနား' ဆိုတာ မဟုတ်နိုင်ဘူး၊ စာသားမှားနေလိမ့်မယ်။ ဘာဖြစ်လို့ လဲ။ ထူးမှ ခြားနားမှာပေါ့၊ မထူးရင် မခြားနားပါဘူး။ အဲဒါနဲ့ ကျွန်တော်တို့ အငြင်းအခုန်လုပ်ခဲ့တာ၊ ဒီးဒုတ် ဦးဘချို့တို့၊ ဒီးဒုတ်ဂျာနယ်တို့၊ မြန်မာ့အလင်းတို့၊ သူရိယမဂ္ဂဇင်းတို့မှာ အများကြီး ပါခဲ့ပါတယ်။

'ထူးမခြားနား'ကို ကြည်ညိုဖို့ ကောင်းတာက ရေနဲ့ မီးနဲ့ မွှေးညင်းပေါက်ကလေးတွေက အစုံထွက်

www.burmeseclassic.com



မွေးညင်းပေါက်က ရေ၊ ဒီဘက် မွေးညင်းပေါက်က မီး။ မီးကြောင့် ရေမခန်း၊ ရေကြောင့် မီးမသေ။ ထို့ထက် ထို့ထက် ပြောရရင် အပေါ်က ရေ၊ ခန္ဓာကိုယ် အောက်ဘက်က မီး၊ ရေနဲ့မီးနဲ့ မီးနဲ့ရေနဲ့ ထွေးပြီး နေကြတာဟာ တစ်ခုနဲ့တစ်ခု ဘယ်ဟာက မီးလဲ၊ ဘယ်ဟာက ရေလဲ၊ မီးညွန့်လား ရေညွန့်လားလို့ မသိနိုင်လောက်အောင် ဖြစ်နေတာဟာ 'ထူးမခြားနား'ပဲ၊ ထူးမခြားနားပါပဲ။ သူများတွေ မလုပ်နိုင်တာကို မြတ်စွာဘုရားရဲ့ ဝီထိစိတ်တော်နဲ့ ပညာရှိ တိတ္ထိကြီး တွေကို လုပ်ပြတာပါ။

*"ရောင်တော် ထွေပြား၊ ပြောင် လို့လို့"*

ရောင်တော် ဆိုပြီးတော့ ပြောင်လိမ့်မယ် ထင်တာကိုး။ အိုး...မှားသွားပြီပေါ့။ ပြောင်တဲ့ ရောင်တော် မဟုတ်ပါဘူး၊ ပြောင်တယ် ဆိုတာ ပုလင်းကွဲတောင် ပြောင်သေးတာပဲ၊ ရောင်တော်ဟာ ပြောင်တာ မဟုတ်ပါဘူး။ "ပြောင်းလို့လို့"။ ဒါ့ကြောင့်–

*"ထူးမခြားနား၊ မီးရေစုံသား၊ ရောင်တော် ထွေပြား၊ ပြောင်းလို့–လို့"*

အဲ–'ပြောင်း'လိုက်စမ်းပါ။ အားရ ပါးရ "ပြောင်း" သွားတယ်။ ဒါ့ကြောင့်–

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ကာယိ ပသာဒ၊ ချက်တော်ဗဟိုမှ၊ အထက်ပေါ်တခိုတွင်၊ အာပေါကသိုဏ်းဖြင့်၊ ပထဗျာတစ်ကြောက လှိုင်း၍၊ မြေတုန်လို့ကြွလောက်ကဲ့၊ ရေအစုံ ကျကာ ကျကာ၊ ခါးအပြင်အောက်၌၊ အများ မြင်လောက်အောင်၊ ရွှေသဘောပိုင်းပြီး၊ တေဇော ကသိုဏ်းအရဟံပွားလိုက်လျှင်၊ နှစ်တန်စုလျား၊ မြေပြည်းလို့တုန်လောက်တဲ့၊ ရေမီးအစုံအစုံနှင့် ပြတော်မူနိုင်သောမြတ်စွာဘုရား..."

ပိုကြည်ညိုနိုင်တာပေါ့။

**ချီးပ**

နောက်ဆုံး 'ချီးပ' ကြစို့။ ဘာတွေ ချီးပမလဲ။ ကိုယ့်ချစ်သူလေးရဲ့ အလှကို ချီးပတယ်။

*"ဖြူပြာမှုရာ၊ သူဇာ နေလို၊ နတ်ကယ် ရွှေကိုယ်၊ ထင်မိမှား"*

ကိုယ့်ချစ်သူကို နတ်သမီးလေးလိုထင်ယောင်ဝိုးတဝါး ဖြစ်သွားတာ၊ အဲဒီလို ပတ်ပျိုးလေးများ ဆိုလိုက်လို့ ရှိရင်ပဲ အသားမည်းနေပစေ၊ ကျောက်ပေါက်မာလေး ရှိပစေ၊ မိန်းကလေးက သူ့ကိုယ်သူ 'အမယ်လေး ဒီလိုမျိုးလားဟဲ့' ဆိုပြီး ကျေနပ်သွားတတ်တယ်၊ ချီးပတာ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ချစ်သူကို ချီးပသလိုပဲ၊ 'ဘုန်းတော်ဘွဲ့' ချီးပတာပါပဲ။ ဘယ်နိုင်ငံဘယ်ရှင်ဘုရင်ကိုပဲဖြစ်ဖြစ် 'ချီးပ' ကြတာ အများကြီးပါပဲ။ နိုင်ငံတိုင်းပါ။ မြန်မာတွေကို ပြောကြတယ်၊ ခင်ဗျားတို့ သီချင်းတွေက လင်မျှော်တဲ့ သီချင်း၊ ရှင်ဘုရင် ဖားရေးတဲ့ သီချင်းတွေပဲ များပါတယ်တဲ့၊ ဒါသူတို့ မြန်မာစာကို မသိလို့ပါ။ မြန်မာ့သဘောနဲ့ မြန်မာ့ဝေါဟာရနဲ့ မြန်မာ့အခြေအနေနဲ့၊ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးမှုတွေကို မသိလို့ပါ။ ဘုန်းတော်ဖွဲ့တယ်၊ ကိုယ်ချစ်သူလေးကို ကိုယ်ဂုဏ်တင်ပြီး ဖွဲ့တယ်ဆိုတာ တိုင်းပြည်အေးချမ်းနေလို့ပါ။ ဒုံးဒုံး ဒိုင်းဒိုင်းထဲမှာ ဘယ်သူမှ ဘုန်းတော်မဖွဲ့နိုင်ပါဘူး၊ ဖင်သနီလန်အောင် ပြေးမှာပေါ့။ အေးအေးချမ်းချမ်းနေရတဲ့အခါဆိုတော့ ကာမဝိတက် ဆိုတာ ပေါ်တာပါပဲ။ ဝိတက် ၃ ပါးရှိတယ်၊ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်။ ဝိပဿနာ မလုပ်နိုင်သမျှ အဲဒီ ဝိတက် ၃ ပါးက တစ်ခုပြီးတစ်ခု လည်နေမှာပဲ။ တစ်ခု မဟုတ်တစ်ခုတော့ ကြံစည်နေမှာပဲတဲ့။ စားဝတ်နေရေး အေးချမ်းနေတယ်၊ တိုင်းပြည်အေးချမ်းနေတယ် ဖြစ်မှာပေါ့။ ဒီလိုပဲ။

"ထောင်ရောင် နေကသာ၊ ရွှေဘုန်းဝင်း..."

www.burmeseclassic.com

www.burmeseclassic.com



နေကဆင်းလာတာပါ။ 'သကျသာကီဝင်' ဆိုတာ နေက ဆင်းသက်လာတာပါ။ 'အာဒိစ္စဗန္ဓု' နေမင်းရဲ့ ဆွေမျိုးပါ။ ဒါတွေ ချီးကျူးပါတယ်။ ကောင်းမှုကုသိုလ်တွေ ချီးကျူးပါတယ်၊ "ရွှေကျောင်းတော်ကြီး ဘုံဆောင်" ကြီးတွေ ဘာတွေမှာ ရှိပါတယ်။ "စိန်ကြောင်နီလာ...၊ ထိန်ဝါဝင်း... မှည့်မှည့်"ရှိတယ်၊ ဒီလိုပဲ ဘိသိက်မင်္ဂလာ၊ ဒီလိုပဲ ပုခက်တင်မင်္ဂလာ၊ ဒီလိုပဲ ဧယဉ်ကျူးတယ်၊ သားသမီးတွေ ချီးကျူးတယ်။

## ဧယျတုရဲ့ဗျူဟ

အဲဒီထဲမှာ အဲဒီထဲမှာ မင်္ဂလာဆောင်တစ်ခုကို ချီးကျူးဖို့ ရေးစပ်ခဲ့တဲ့သီချင်းတစ်ပုဒ်အကြောင်း ပြောပါမယ်၊ လွန်ခဲ့သော နှစ်ပေါင်း ၈၀ က၊ ကျွန်တော် အခုအသက် ၈၆ နှစ်ရှိပါပြီ၊ အဲဒီ ၈၆ နှစ်ကို ၈၀ နုတ်လိုက်ရင် ကျွန်တော် ၆ နှစ်သားအရွယ်က။ ရေးတဲ့သူက ကျိုက်လတ်မြို့ ဆရာကြီး'ဦးပြုံးချို'။သံစဉ်သွင်းပေးတဲ့သူက ကျွန်တော့ အဘိုး စောင်းဆရာကြီး ဦးတုတ်ပေါ။ သီချင်း ဖြစ်လာတာက ကျွန်တော်တို့ အိမ်ပေါ်မှာ။ တစ်လသေသေ တစ်လဆန်းဆန်း တီးကြဆိုကြတိုက်ကြတော့ ကျွန်တော်က အလွတ်နေရတယ်။ ကျိုက်လတ်သူ ကျိုက်လတ်သားမှန်သမျှ 'တေးဘုမ္မာ'

www.burmeseclassic.com

www.burmeseclassic.com



နဲ့ 'ဇေယျတုသဗ္ဗမင်္ဂလံ' မရရင် ဒီလူဟာ ကျိုက်လတ်သား အစစ်မဟုတ်ဘူး။ အမဲသားစားရင် ကျိုက်လတ်သား အစစ်မဟုတ်ဘူး။

သီချင်းရဲ့ ဇာတ်ပွဲလေး ပြောရအောင်။

ကျွန်တော်တို့ ကျိုက်လတ်မြို့မှာ ဆရာကြီး ဦးပြုံးချိုဆိုတာ ဘုန်းကြီးကျောင်း မနေဘဲနဲ့ ပရိယတ္တိကြွယ်ဝပုံကတော့ လယ်တီ ဆရာတော်ဘုရား ကိုယ်တိုင်က ချီးမွမ်းပြီးတော့ အခေါ်ခိုင်းရတယ်။ အဲဒါက ကျွန်တော်တို့ မမွေးခင်ကပါ။

## လယ်တီဆရာတော်

လယ်တီဆရာတော်ဘုရားဆိုတာက သိတော်မူကြတဲ့အတိုင်း ပညာရှိ, သူတော်ကောင်း, စာရေးဆရာ, စာဆိုတော်ကြီးအကြောင်းဆိုပြီး ကျွန်တော်နယ်တကာကိုလိုက်ပြီး လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀, ၄၀ လောက်က ဟောခဲ့ဖူးပါတယ်။ တယ်ပညာရှိတာကိုး။ ပညာရှိရုံမကပါဘူး၊ ပညာရှိတိုင်း သူတော်ကောင်း မဖြစ်နိုင်ဘူးတဲ့။ လယ်တီဆရာတော် ဘုရားက ပညာလဲ ရှိတယ်။ သူတော်ကောင်းလဲ ဖြစ်တယ်။ ဆရာတော်ကြီး အကြောင်းပြောရင် တသီးတသန့် ပြောရပါမယ်။ ရေးတုန်းက ရေးခဲ့တဲ့ စာတွေ အဋ္ဌကထာတွေ

www.burmeseclassic.com

www.burmeseclassic.com



ကျမ်းဂန်ကြီးတွေကို ဆရာတော်ကြီးက လူတိုင်း နားလည်အောင် ဖွင့်ဆိုခဲ့တဲ့ ဒီပနီပေါင်းများစွာရှိတယ်။ အဲဒါတွေကို ခေတ်ပြိုင်က ဆရာတော်ကြီးများက ချီးမွမ်း ခြေကျောက် ကျီစယ်ကြတယ်။

"လယ်တီစာတွေက ဒီပနီတွေက ကောင်းပါတယ်ကွာ။ သို့ပေမဲ့ ကျမ်းကြီးကျမ်းဂန် အဋ္ဌကထာဋီကာတို့ရဲ့ အဆိုအမိန့် အကိုးအကားတွေ မပါတော့ ကျမ်းက ပေါ့ရွှတ်ရွှတ်နိုင်သလိုပဲ" တဲ့။

အဲဒီတော့ အလျှဉ်းသင့်တဲ့အခါ ဆရာတော်ကြီးက ပြန်ပြီးတော့ နိဝါတနဲ့ လျှောက်တယ်။

"မှန်ပါတယ် ဘုရား၊ ဘုရားတပည့်တော်ရဲ့ စာတွေမှာ အလေးအနက် အခိုင်အခန့် ကျမ်းကြီး ကျမ်းဂန် မပါဘူး၊ အကိုးအကား မပါဘူး ဆိုတာ မှန်ပါတယ် ဘုရား။ အခုလူတွေ လယ်လုပ်ရင်း နွားကျောင်းရင်း ယာခုတ်ရင်း ကမန်းကတန်းကြည့်ရင် နားလည်နိုင်တဲ့ စာမျိုး လိုနေပါပြီ ဘုရား။ နောက်ဆုံး ကလေးတွေ ကြည့်ရင်လဲ ကလေး နားလည်ဖို့ လိုပါတယ် ဘုရား။ ဒါ့ကြောင့်မို့လို့ တပည့်တော်က သမားဂုဏ် မပြဘဲနဲ့ ဓမ္မဂုဏ်ပြရုံလောက်နဲ့ ရေးတာပါ၊ ဘုရား တပည့်တော် စေတနာက လူငယ်လူလတ်တွေ သိပါ

www.burmeseclassic.com



စေ ဆိုတဲ့သဘောနဲ့ ကျမ်းကြီးကျမ်းငန် မပါဘဲ ရေးတာပါ၊ အရှင်ဘုရားတို့ အတွက် မဟုတ်ပါဘူး ဘုရား၊ လူငယ်တွေအတွက် ရေးတာပါ"

ကဲ–လူ့နောက်လိုက်ပြီး၊ "အာသယာနုသယ' လိုက်ပြီးတော့ ရေးတဲ့ စာရေးဆရာ။ တော်လှန်ရေးစာရေးဆရာဖြစ်ခဲ့တယ်။ ဒါတင်ပဲလား မကဘူး။ စာရေးလို့မှ အလွယ်တကူမရသေးရင် နှုတ်ထဲမှာ အလွယ်တကူ ရအောင် ကဗျာစပ် ပေးသေးတယ်။

*"သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့၊ ကိန်းပါကို ကိန်းပါကို…"*

လင်္ကာ ၈ ပုဒ်ရေးလိုက်ကာ ဗုဒ္ဓဝင် အစအဆုံး ကုန်သွားပါတယ်။

*"သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ကြွ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံညီ၊ လုမ္ဗိနီဒွ၊ မဟီ လိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မျို၊ လမ်းပါကို"*

ရှင်းသွားတာပဲ၊ ရှင်းသွားတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



လယ်တီဆရာတော်ဘုရားက ကင်းဝန် မင်းကြီးကိုပေးတဲ့ လေးချိုးတစ်ပုဒ်–

*"မိုက်မလင်းနိုင်လို့၊ မြိုက်ခင်း'ညာ'ဆီကို ခါတော်မီ သီမဝေ့နိုင်ဘူး၊ သည်ကွေ့မှာ နေကုန်မျှော်ရှာကြ၊ အတော… ဘယ်မသတ်နိုင်တဲ့ ရဟာတ်ဖွေ"*

အဲဒီပရမတ္ထလေးချိုးကြီးကို ဆရာကြီး ဦးပြုံးချိုက သိပ်ကြည်ညိုတယ်၊ သိပ်ကြည်ညိုတော့ မော်ပြန်ယိုဒယားနဲ့ ကျွန်တော်တို့ လူတွေနား ရောက်အောင် ခေတ်ပေါ် (ဟိုတုန်းကတော့ ခေတ်ပေါ်ပေါ့) သီချင်းတစ်ပုဒ်စပ်တယ်။

## တေဘူမ္မာ

*"တေဘူမ္မာ…အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ တရားမရလို့၊ များလှပေါ့သံသရာ…ကာမောဃာ၊ ဘဝေါဃာ၊ ဒိဋ္ဌောဃာ၊ အဝိဇ္ဇောဃာ၊ စိတ်မောဟာ မကင်းတာ၊ အရင်းခံသူတဏှာ၊ အဝိဇ္ဇာ တဏှာဒွေးမှုလာနိ"*

ကြည့်စမ်း၊ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဦးဖိုးစိန် ကျိုက်လတ်ကို လာ က,ရင်း ဦးပြုံးချိုဆီက ဒီသီချင်းကို ဟိုတုန်းက ငွေတစ်ရာ ပုဆိုးတစ်ထည်နဲ့ ကန်တော့ပြီး တက်သွားတယ်လို့ ဆိုတယ်၊ အဲဒီလို ဦးဖိုးစိန် ဆိုလိုက်တော့ ရဟန်းသံဃာတွေထဲတောင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတယ်။“ဟာ–ဦးဖိုးစိန်က ကောင်းလိုက်တာ ကွာ၊ ကောင်းလိုက်တာ၊ ကောင်းလိုက်တာ” ပေါ့။ သူ ဆိုတဲ့အသံနဲ့၊ သူဆိုတဲ့ သီချင်းနဲ့၊ သူကလဲ ဝိတ္ထာရ ချဲ့ပြတာနဲ့ ဆိုတော့ ‘တေဘုမ္မာ’ ဟာ ‘ပျံ’သွားတာပေါ့။ နိုင်ငံကျော် သွားတာပေါ့၊ အရင်က ကျိုက်လတ်မှာ ကျော်တယ်၊ အခု ဦးဖိုးစိန်ကြောင့် တစ်နိုင်ငံလုံး ကျော် တယ်၊ လယ်တီ ဆရာတော် နားပေါက်တယ်၊ အဲဒီ တော့မှ ပညာ့အလင်း သတင်းစာတိုက်ပိုင်ရှင် ဦးမောင် မောင်တင်ကို “ဟဲ့ ဒကာ မောင်မောင်တင်၊ ဒီလောက် ပညာတတ်တဲ့လူကို မင်းတို့တိုက်မှာ ခေါ်ပြီးတော့ အယ်ဒီတာ ဘာလို့ မခန့်သလဲ” ပြောတော့ ကျိုက် လတ် ကနေ ဦးပြုံးချို ရန်ကုန် ရောက်လာရတယ်။

ကဲ–အဲဒါပြီးတော့ “ဧယျာတု သဗ္ဗမင်္ဂလံ”။ ဟိုခေတ်ကနော် အင်္ဂလိပ်ခေတ်က “ဂျော့ဘုရင်ရွှေဘုန်း၊ နေတစ်လုံးပမာတူ၊ သတ္တဝါဗိုလ်လူ၊ ကြည်ဖြူ” ဆိုတဲ့ သီချင်းတွေဆိုနေရတဲ့ခေတ်မှာ နယ်ပိုင်ဝန်ထောက်မင်း ‘ဦးငွေခိုင်’ဆိုတာကျိုက်လတ်မြို့ကိုပြောင်းလာတယ်။ မြန်မာမှု မြန်မာ့ဟန်နဲ့ ပရိယတ္တိရော ပဋိပတ္တိရော အင် မတန်မှ ဝါသနာပါတော့ သာသနာရေးကို ရှေ့ဆောင် ပြီး ကျိုက်လတ်မြို့ပေါ်မှာ ဝတ်အသင်းထောင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပရမတ္တသံခိပ်အသင်း ထောင်တယ်၊ လယ်တီဆရာတော် ဘုရားကို ပင့်ပြီးတော့ တရားနာတယ်၊ လယ်တီဆရာတော်ဘုရားက နွားလား မေတ္တာစာကို ရွတ်ဆိုပြတယ်။ ကြည့်စမ်း၊ နွားလားမေတ္တာစာ။ လယ်တီ ဆရာတော်ဘုရားက မေတ္တာစာကို နွားအနေနဲ့ ရေးတာရှိတယ်၊ အော်တိုဘိုင်အိုဂရပ်ဖီ(autobiography)ပေါ့ဗျာ။ ကျွန်တော်တို့ စဉ်းစားကြည့်တယ်၊ ဩော်... ကျွန်တော်တို့ ကိုယ့်အကြောင်း ကိုယ်ပြန်ရေးတဲ့ဟာက ဒီလိုတန်ဆာဆင်သကိုး။

နွားတွေက မပြောတတ်လို့တဲ့၊ နွားတွေက များသာ ပြောတတ်မယ်ဆိုရင်–

**နွားမေတ္တာစာ**

"သူတို့ဘေး၊ သူတို့ဘိုး၊ သူတို့တိုင်မရိုး၊ တစ်မျိုးလုံး၊ တစ်ဆွေလုံး၊ သူတို့တိုင်မဆုံး၊ တို့တစ်တွေ ပခုံးမှာ၊ မီးဟုန်းဟုန်းထမတတ်၊ ဒို့လုံ့လ ဒို့စွမ်းအင်၊ ဒို့အပင်ပန်းခံနိုင်လို့၊ ဆန်စပါး ပြောင်းနှမ်း၊ ဘူးခရမ်း ပဲအမျိုးမျိုး၊ မြေပြင်လုံး မောက်ဖြိုးအောင်၊ တိုးတက်သည့်ဘဏ္ဍာနှင့်၊ လိုရာတိုင်း ပြည့်စုံ၊ ကုံလုံကြွ အသီးသီး၊ ကျောင်းကြီးဆောက် ဘုရားတည်၊ တစ်တိုင်းလုံးကြွယ်သူကို၊ ဘယ်သူက အရင်းဟု၊ စဉ်းစားဖွယ်ရှိ၊

www.burmeseclassic.com



ထင်အလင်းသိပါလျက်၊ သတိပင် မပေါ်၊ မိတ်မတော်စိမ်းကား၊ စိတ်အချော်တိမ်းပါး၍၊ ဒို့အသား ဒို့အသည်း ဒို့အဆီရွဲရွဲကို၊ ထမင်းပွဲအလယ်၊ အနင့်သားတည်ပြီးလျှင်၊ ရယ်ကာပြုံးကာ၊ လင်မယားတစ်တွေ၊ မြို့ကြသည့်မြေမှာ၊ မြို့နိုင်ပေ့ သူတို့ကိုယ်၊ မြို့ရက်ပေ့ သူတို့ခံတွင်း၊ ဒို့လုပ်တဲ့ထမင်းနဲ့၊ ဒို့ဟင်းလျာအသား၊ စားကြတဲ့ ဖြစ်စ်နဲ့၊ ဒို့အသည်းနာ လိုက်တယ်ကွယ် ဟင်း... ဒို့အသည်းနာလိုက်တယ်ကွယ်...''

အသတ်ခံရမယ့်နွားလေးက မျက်ရည် လည်ရွဲနဲ့ ဒီလိုပြောရှာတယ်၊ လယ်တီဆရာတော်ဘုရားရဲ့ ဟိုတုန်းက ဉာဏ်နော်၊ ဟိုတုန်းက ဉာဏ်။ အနှစ်တစ်ရာကျော်ရှိပြီ။ ကြည့်စမ်း ကြည့်စမ်း ဆရာတော်ကြီးတွေ လူပညာရှိကြီးတွေ၊ အထင်သေးလို့မရပါဘူး။ အဲ–တစ်ခုတော့ရှိတယ်၊ မသိရင်တော့ အထင်သေးမှာပေါ့၊ သိအောင်လုပ်ဖို့ ကျွန်တော်တို့တာဝန်လေ။ အဲဒီတော့ အဲဒီက စပြီးတော့ ကျွန်တော်တို့ ကျိုက်လတ်မြို့မှာ နယ်ပိုင်ဝန်ထောက်မင်းဦးငွေခိုင်ရဲ့ ကျေးဇူးနဲ့ လယ်တီဆရာတော်ဘုရားကြီးကြွလာပြီး ဒါတွေဟောတဲ့အခါ ကျိုက်လတ်တစ်မြို့လုံး နွားသားမစားတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



## မင်္ဂလာသီချင်း

အဲဒီဝန်ထောက်မင်း ဦးငွေခိုင်က ကျွန်တော့အဘိုးလေးကို သူ့အိမ်မှာ အပျင်းပြေ ခေါ် ခေါ်ပြီး တီးတယ်၊ တစ်ခါတလေ ကျွန်တော်ရောက်သွားတယ်၊ ကျွန်တော် ၆ နှစ်သား၊ ၇ နှစ်သားလောက်ကတည်းက ကျွန်တော် စည်းလေး မတောက်တစ်ခေါက် တီးတတ်တယ်၊ တီးတတ်မှာပေါ့၊ သူက ခြေထောက်ကြီးနဲ့ ဒီလို ပြတာကိုး။ သူ့ခြေထောက်ကြီး ကြည့်ပြီး တီးရတာကိုး။ တစ်ခါတလေ မှားသွားရင်တော့ ဆောင့်ကန်ခံရတာပေါ့။ အဲဒီတော့ ကျိုက်လတ်မြို့ရဲ့ ကျေးရွာရှင် နယ်ပိုင်ဝန်ထောက်ဦးငွေခိုင်က သူ့သားနဲ့ ဖျာပုံက အရေးပိုင် သမီး မင်္ဂလာဆောင်ကြမယ်၊ မင်္ဂလာဆောင်မယ်ဆိုတော့ "အဲဒီမင်္ဂလာအတွက် သီချင်းတစ်ပုဒ် ရေးကြစမ်းပါ ဆရာတို့" ဆိုပြီး ဦးပြုံးချိုနဲ့ ကျွန်တော့အဘိုးကို တာဝန်လွှဲအပ်ပေးတယ်။

ဒီတော့ ဦးပြုံးချိုတို့က စဉ်းစားတယ်။ မင်္ဂလာဆောင်ဖို့သီချင်း အများသုံးနေကြတာ မင်္ဂလာဩဘာဘွဲ့ တစ်ပုဒ်ပဲရှိတယ်။

*"အတိုင်းမသိ၊ ကျက်သရေ မင်္ဂလာ ရှိပါပေတယ်ကို၊ တော်ကြီးငယ်...ယင်ရာ..."*

www.burmeseclassic.com

www.burmeseclassic.com



ဒါပဲရှိတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ ဘာအသားယူ သလဲ။

*"အခါတော်..ပေး...တာက...နတ်ရေးငယ်...ရွှေစာ"*

ဒါလေးနဲ့ထွက်လာကြရတာ။

ဦးပြုံးချိုက စဉ်းစားတယ်၊ ဒါတစ်ခုတည်းနဲ့ မလုံလောက်သေးဘူး၊ ဝန်ထောက်မင်းဦးငွေခိုင်ရဲ့သား မင်္ဂလာဆောင်တင် မကဘူး။ အလှူဆိုလဲ တီးနိုင်လောက်အောင် ရေးရအောင်ဆိုပြီး ကျွန်တော့်အဘိုးက (music)ပေါ့၊ သူက (lyric)ပေါ့၊ ကျွန်တော့်အဘိုးက တီးကွက် ဖော်ပေးရမယ်၊ သူက စာသားထည့်ပေးမယ်။

အခု ကျွန်တော်တို့ ဆိုနေကြတာက–

**ခြောင်း**

"အောင်–ဧယျာတု သဗ္ဗမင်္ဂလံ"

ကျွန်တော့်အနေနဲ့ မပြောဝံ့ပြောဝံ့ ပြောရမှာဆိုရင်ဖြင့် အဲဒီကစပြီး ကျွန်တော်တို့ မှားလာပါပြီ။ သဝေထိုး အ–ရေးချ သေတ် 'အောင်'။ မြန်မာစာမှာ ဒါမင်္ဂလာရှိပါတယ်။ သို့ပေမဲ့ ဆရာကြီး ရေးသွားတုန်းကတော့ ကျွန်တော် မှတ်မိသလောက်၊ ၆ နှစ်သားက ဒီလောက် မှတ်မိသလားလို့ စောဒကတက်ရင် ကျွန်

www.burmeseclassic.com



တော် ဖြေပါ့မယ်။ ၆ နှစ်သားလောက်က ဘာမှန်းမသိဘဲ ကျွန်တော့ ပါးစပ်ထဲ ရနေတာပါ။ ကျွန်တော့် အမေရတယ်၊ ကျွန်တော့ဘွားအေရတယ်၊ ကျွန်တော့ အဒေါ်တွေ အကုန်ရတယ်၊ ကျိုက်လတ်သားမှန်ရင် 'တေဘုမ္မာ' နဲ့ 'ဧေယျတု သဗ္ဗမင်္ဂလံ' မတောက်တခေါက်လေးမှ မဆိုတတ်ရင် ကျိုက်လတ်သားမဟုတ်ဘူးလို့ ပြောခဲ့ပါပြီ။ ဟိုတုန်းက ဘာမှန်းမသိဘဲ အလွတ်ရနေတဲ့ဟာနဲ့ စာတွေ့ဖတ်လာတော့ တဖြည်းဖြည်း သိလာတဲ့ အသိနဲ့ပေါင်းပြီး ကျွန်တော် ဆုံးဖြတ်ယူရတာပါ။ ဟို ၆ နှစ်သားလောက်က ဒီလောက်အထိ ကျွန်တော် ဘယ်သိမလဲ။

"အောင်...ဧေယျတု သဗ္ဗမင်္ဂလံ"

နဲ့နှောင်းပါတယ်၊ ပျော့ပြောင်းပါတယ်။

သို့ပေမဲ့ မန္တန်ဆိုတာ ဟိုတုန်းက ဟိန္ဒူတွေမှာ ရှိတယ်။ ဗြာဟ္မဏတွေမှာ ရှိတယ်၊ မဟာယာနမှာ ရှိတယ်။ ဩောင်း၊ ဥုံ၊ ဟာရီဟာရီ၊ ဒါတွေ ရှိတယ်။ ဒီတော့ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့လဲ သုံးနိုင်အောင်–

"ဩောင်း၊ ဧေယျတု သဗ္ဗမင်္ဂလံ"

'ဧေယျတု'နဲ့'သဗ္ဗမင်္ဂလံ'နဲ့ ခွဲခြားပြောကြရအောင်။ 'ဧေယျတု' ဆိုတာ အောင်ခြင်း၊ မင်္ဂလာဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဘာတုံး၊ မြတ်စွာဘုရားက မင်္ဂလသုတ်မှာ ဝိဂြိုဟ်ပြု ထားတယ်၊ "မင်္ဂပါပံ လုနာတိ ဆိန္ဒ တီတိ မင်္ဂလံ" ပါပံ=မကောင်းမှုဟူသမျှကို၊ လုနာတိ=ပယ်တတ်၏။ ဆိန္ဒတိ=ဖြတ်တတ်၏။ ဣတိတသ္မာ=ထိုသို့ မကောင်းမှု မှန်သမျှကို ပယ်တတ်ဖြတ်တတ်သောသတ္တိကြောင့်။ မင်္ဂလံ=မင်္ဂလာမည်ပါပေ၏။

လောကမှာ မကောင်းမှုကို မလုပ်တာ၊ မကောင်းမှုကို ပယ်တာ၊ မကောင်းမှုကို စွန့်တာ၊ မကောင်းမှုကို ယတိဖြတ်ပစ်တာ မင်္ဂလာတဲ့။ 'ပါဏာ တိပါတာ' သူများအသက်သတ်တာ မင်္ဂလာ မရှိပါ ဘူး။ 'အဒိန္နာဒါနာ' သူများဥစ္စာကို နည်းအမျိုးမျိုးနဲ့ ခိုးတာ လုတာ ယက်တာ မင်္ဂလာ မရှိပါဘူး။ ကာမ ဖောက်ပြန်တာ မင်္ဂလာ မရှိပါဘူး၊ အလိုလို ကျက် သရေ ယုတ်လာပါတယ်။ မုသာဝါဒါ, ပိသုဏာ ဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ, ဒီလိုဟာတွေသာ ပြောနေ ရင် မင်္ဂလာ မရှိပါဘူး၊ ကျက်သရေ ယုတ်တယ်၊ အဲ 'သုရာ မေရယ' အကုန်လုံး မေ့ပျောက်လောက်အောင် သတိမေ့လောက်အောင် သူရာသောက်ရင် မင်္ဂလာ မရှိ ပါဘူး။

မင်္ဂပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို ဆရာကြီး ဦးပြုံးချို က တွဲတော့မယ် နော် တွဲတော့မယ်။

ဘာနဲ့တွဲလဲ၊ မင်္ဂလာတင် မဟုတ်ပါဘူးတဲ့၊ ကျွန်တော်တို့လက်ထပ်ပွဲကြီးဟာ ကျက်သရေလဲ ရှိပါတယ်။ ကျက်သရေရော မင်္ဂလာရောရှိပါတယ်တဲ့။ ဒါလေးတွေကို ဆိုရင်းဆိုရင်းနဲ့ တစ်ခုချင်း တတ်နိုင်သလောက် ကျွန်တော်ရှင်းပြပါမယ်။ ကျွန်တော် ဟောပြောချင်တာက ဒါပါ။ ဟိုဟာတွေက 'ပရိကံ' လုပ်လာရတဲ့ သဘောပါ။

"ဩောင်း...ဧယျတု" ဆိုတာက သိဒ္ဓိတင်တာတဲ့။ သိဒ္ဓိနိူးတာ၊ ဂါထာနိူးတာ။

"ဩောင်း...ဧယျတု သဗ္ဗမင်္ဂလံ ဩောင်း... ဧယျတု ဩောင်း...ဧယျတု ဩောင်း ဧယျတု သဗ္ဗ မင်္ဂလံ"

သဗ္ဗမင်္ဂလံ=ခပ်သိမ်းသောမင်္ဂလာဟူသမျှ၊ ဧယျတု=ဖြစ်မြောက်အောင်မြင်ကြပါစေသတည်း။

အဲဒီတော့ သီချင်းစ,ကြစို့။

"ဧယျတု သဗ္ဗမင်္ဂလံ၊ အောင်အတိတ်ကျော်ညံ၊ အောင်ဟိတ် ပေါ်ပြန်၊ ပုဗ္ဗနိမိတ် သုခါဝဟံ၊ နှုတ်က ဘိသိက်၊ ဆုပတ္တနာ အမှန်၊ တက်နေတိုင်းလို၊

www.burmeseclassic.com

www.burmeseclassic.com



*ကျက်သရေဖြိုးလို့၊ တန်ခိုးဂုဏ်ရောင်လျှံ၊ စန်းပုဏ္ဏာမိန် လင်းသလို၊ ဂုဏ်သိန် သတင်းက၊ ဇမ္ဗူတွင်း ကြေညာ မှန်၊ စိတ်မှာကြံသမျှပင်၊ ဣဋ္ဌာရမ္မဏ ဘောဂသမ္ပန္န..."*

**နိမိတ်ကောင်း**

"ဓေယျတု သဗ္ဗမင်္ဂလံ၊ အောင်အတိတ်ကျော် ညံ"

ဘယ်ကိစ္စမျိုးမဆို မဖြစ်ပေါ်ခင်က အတိတ် ရယ် နိမိတ်ရယ်ဟာ လာနေကျ။ ကောလာဟလဆိုတာ လာနေကျ။ 'ဗုဒ္ဓ ကောလာဟလ' မြတ်စွာဘုရား ပွင့် တော်မူမယ်၊ လူ့ပြည်မှာ ပွင့်တော်မူတော့မယ်၊ အနှစ် တစ်ထောင်လောက်က ကောလာဟလတွေ ဖြစ်လာ တယ်။ ကမ္ဘာကြီး ပျက်တော့မယ်။ ဒီလိုပဲ၊ မောနေယျ ပုဂ္ဂိုလ်ပေါ်လိမ့်မယ်၊ ကောလာဟလတွေဖြစ်လာတယ်၊ အဲဒါဟာ 'နိမိတ်'လို့ခေါ်တယ်။ အဲဒီနိမိတ်ဟာ ကောင်း သော နိမိတ်ရှိသလို မကောင်းသောနိမိတ်ရှိတယ်။

*"အောင်အတိတ်ကျော်ညံ၊ အောင်ဟိတ် ပေါ် ပြန်၊ ပုဗ္ဗနိမိတ် သုခါဝဟံ"*

နိမိတ်ဆိုတာ မရောက်ခင်ထင်ရှားစွာပြသော သဘောတရား လက္ခဏာများ။ ပုဗ္ဗနိမိတ်–ကြိုတင်၍၊ ပုဗ္ဗ ဆိုတာ ကြိုတင်၍ ပြောသော ပြသော နိမိတ်တွေ။

www.burmeseclassic.com

www.burmeseclassic.com



အခု မင်္ဂလာဆောင်ကြီးမှာတော့ ကြိုတင်၍ပြသော နိမိတ်တွေက ကောင်းနေပါတယ်။

## အဇကောင်းလောကစံ

လောကမှာ လောကဓံတရားဆိုတာ ဘယ်သူမှ မကင်းဘူး။ မြတ်စွာဘုရားတောင် မကင်းဘူး။ ဘာတွေလဲဆိုတော့ လာဘော၊ အလာဘော၊ ယသော၊ အယသော၊ နိန္ဒာ၊ ပသံသာ၊ သုခံ၊ ဒုက္ခံ။ အခမ်းအနားတစ်ခုလုပ်တော့မယ်ဆိုရင် အလှူပွဲပေးပေး၊ မင်္ဂလာပွဲဆောင်ဆောင်၊ ရှင်ပဲပြုပြု၊ သုမင်္ဂလာမှန်သမျှမှာ အဲဒီလောကဓံ ၈ ပါး အနက်က ကောင်းတယ်ဆိုတဲ့ လေးပါး ပြည့်စုံမှ ဖြစ်ပါတယ်။ 'လာဘော' လာဘ်ရှိမှ လှူနိုင်တယ်၊ လာဘ်ရှိမှ ဝယ်နိုင်တယ်၊ ခြမ်းနိုင်တယ်။ လာဘ်ရှိမှ ပေးနိုင်တယ်၊ ကျွေးနိုင်တယ်။ 'ယသော' အခြွေအရံ အပေါင်းအသင်း ဖိတ်ကြားထားတဲ့သူတွေ ရှိမှဖြစ်မယ်၊ ဘယ်သူမှ မဖိတ်ကြားနိုင်တဲ့ မိတ်ဆွေ သင်္ဂဟမှ မရှိလို့ရှိရင် မဖြစ်ဘူး၊ 'ပသံသ' ချီးမွမ်းတယ်၊ သူများတွေကပြောကြတယ်၊ အမယ်လေး၊ တော်တယ်၊ ဂုဏ်သတင်းရှိတယ်နော်၊ အဲဒါတွေလဲ ရှိတယ်။ အဲဒါ ပသံသ။ 'သုခ' ကိုယ်လဲ ကျန်းမာမယ်၊ စိတ်လဲ ချမ်းသာမယ်။ ဒါမှ အလှူအတန်း မင်္ဂလာလုပ်နိုင်မယ်။

www.burmeseclassic.com

www.burmeseclassic.com



မကောင်းတဲ့ အနိဋ္ဌာရုံတွေဖြစ်နေရင်တော့ အလှူ အတန်းလဲ မလုပ်နိုင်ဘူး၊ မင်္ဂလာလဲ မဆောင်နိုင်ဘူး၊ ကိုယ်မှာ ယှဲ့ယှဲ့၊ ဆေးရုံပေါ်ရောက်နေတယ်ဆိုရင် အလှူ မလုပ်နိုင်ဘူး။

## တက်နေ

အဲဒါတွေ အဲဒါတွေကို ဦးပြုံးချိုက ဘယ် လောက်ဝိတ္ထာရချဲ့သလဲဆိုရင်–

*"ပုဗ္ဗနိမိတ် သုခါဝဟ်၊ နှုတ်က ဘိသိက်၊ ဆု ပတ္ထနာ အမှန်၊ တက်နေတိုးသလို"*

တက်နေဆိုတာလေး စဉ်းစားကြည့်ရအောင်။ ဘယ်လောက် ဘယ်လောက် အသေးစိတ်ပါသလဲလို့။ ကျိုက်လတ်က ဆရာကြီးကို ကျိုက်လတ်သားအနေနဲ့ ကျွန်တော်တို့က ဂုဏ်ပြုဖို့ တာဝန်ရှိတယ်။

ဒါကြောင့် နေတို့မည်သည် အရုဏ်တက်က အစ မွန်းတည့်သည်အထိ၊ တဖြည်းဖြည်း တဖြည်း ဖြည်း လင်းသထက် လင်း၊ ပွင့်သထက် ပွင့်၊ ထွန်း သထက် ထွန်းတာဟာ တက်နေပဲ။ မွန်းလွဲသွားပြီ ဆိုရင် ကျသထက်ကျ ကျသထက်ကျ ကျသထက်ကျ ဆည်းဆာ မိုးချုပ်သွားရင် နေက ဖြည်းဖြည်းခြင်း ကျ သွားမှာပဲ။ အရောင်အဝါမှေးမှိန်သွားပြီ။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူလိုချင်တာက ခုနပြောတဲ့ 'လာသော အလာသော၊ ယသော အယသော၊ နိန္ဒ ပသံသာ၊ သုခ ဒုက္ခတဲ့။ 'လက္ခဏ' အလိုရှိအပ်သော အရာလေးတွေ ရွေးပြီးတော့ တက်တဲ့နေကလေး တဖြည်းဖြည်း လင်းလာသလို၊ သူက တက်နေ၊ နေတောင်မှ ရိုးရိုး နေ မဟုတ်ဘူး။

**လပြည့်ဝန်း**

*"တက်နေတိုးသလို၊ ကျက်သရေဖြိုးလို့၊ တန်ခိုးဂုဏ်ရောင်လျှံ၊ စန်းပုဏ္ဏာမိန် လင်းသလို"*

ဟော–ပါဠိ လာပြန်ပြီ။ 'စန်း' ဆိုတာ ပါဠိ၊ 'ပုဏ္ဏာမိန်' ဆိုတာလဲ ပါဠိ။ အခုနက တက်နေ လင်းသလို တဲ့။ အခုကျတော့ 'စန်း' တဲ့၊ စန်းဆိုတာ ဗေဒင်စကားပါ။ သူရိယ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒြာတဲ့။ သူရိယဆိုတာ 'နေ'။ ဂဏန်းသင်္ချာအားဖြင့် တစ်။ စန္ဒြာဆိုတာ 'လ' သင်္ချာအားဖြင့် နှစ်၊ စန္ဒြာကို 'စန်း'လို့လဲ ခေါ်ပါတယ်။ ဆန္ဒလို့လဲ ခေါ်ပါတယ်။ အဲဒီ 'စန်း' ပုဏ္ဏာမိန် လင်းသလို ဆိုတဲ့အထဲက 'ပုဏ္ဏာမိန်'ဆိုတဲ့ ပါဠိလေး ရှင်းကြဦးစို့။ 'ပုဏ္ဏာ' ဆိုတာ ပြည့်ဝခြင်းသဘော၊ ဖြည့်ဆည်းခြင်း သဘော၊ လပြည့်ဝန်းကြီးကို 'ပုဏ္ဏာ'၊ 'ပုဏ္ဏမီ' 'ပုဏ္ဏာမိန်'လို့ ခေါ်တယ်။ အဲဒီ 'စန်း' ဟာ 'လ' ဟာ လဆန်းပက္ခလို တစ်ခြမ်းလေး ပွဲနေတာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ လဆုတ်ပက္ခလို တစ်ခြမ်းလေး ပဲ့သွားတာ မဟုတ်ပါဘူး။ အဲဒါကြောင့် နေကလဲ တက်နေလို၊ လ,ကျပြန်တော့လဲ ပြည့်ပြည့် ဝန်းဝန်း ဝိုင်းဝိုင်း စက်စက်၊ တစ်ခါတည်း ပြည့်နေသလို။ ဒါ့ကြောင့်–

*"စန်းပုဏ္ဏမိန် လင်းသလို၊ ဂုဏ်သိန် သတင်းက၊ ဇမ္ဗူတွင်း ကြေညာမှန်၊ စိတ်မှာကြံသမျှပြင်၊ ဣဋ္ဌာရမ္မဏ ဘောဂသမ္ပန်္န.."*

**ဘောဂ**

ဟော–ပါဠိလာပြန်ပြီ၊ ဒါ့ကြောင့် ကျွန်တော်တို့ဟာ သတ်ပုံသတ်ညွှန်း မှန်မှန်နဲ့ ဆိုနိုင်တယ်၊ သို့မဟုတ် စိတ်ဝင်စားတယ် နားလည်တယ်ဆိုရင် အိုပြောရင်း ပြောရင်းကို အလျှုမင်္ဂလာက လူတွေများ ဘယ်လောက်ဘဝင်မြင့်မလဲ။ ဆိုတဲ့သူကလဲ သူ့ကိုယ်သူ ဘယ်လောက်ကျေနပ်မလဲ။

ဣဋ္ဌာ၊ အနိဋ္ဌာတဲ့။ ဣဋ္ဌာဆိုတာ လိုအပ်သော၊ အနိဋ္ဌာဆိုတာ မလိုအပ်သော။ ကျွန်တော်တို့ ကဗျာတွေမှာ (ဆန်းကျမ်းမှာ) ရှိပါတယ်၊ ဣဋ္ဌဂိုဏ်း၊ အနိဋ္ဌဂိုဏ်းလို့ ရှိပါတယ်။ ဂိုဏ်း ရှစ်ဂိုဏ်းမှာ ဣဋ္ဌလေးဂိုဏ်း၊ အနိဋ္ဌလေးဂိုဏ်း ပေါ့။ ဣဋ္ဌာရမ္မဏ ဆိုတာ ဘာလဲ။ ရမ္မဆိုတာ နှလုံးမွေ့လျော်ဖွယ်ဖြစ်သော၊

www.burmeseclassic.com

www.burmeseclassic.com



ရွံ့စရာ စက်ဆုပ်စရာ မဟုတ်သော အရာများ တဲ့။ ဣဋ္ဌာရမ္မဏ ဆိုတာ အလိုရှိအပ်သော၊ နှလုံး မွေ့လျော်ဖွယ် ဖြစ်သော အရာများ တဲ့။

ပြီးတော့ 'ဘောဂ'–စည်းစိမ်တဲ့။

ချမ်းသာတာနဲ့ စည်းစိမ်နဲ့မတူဘူးနော်၊ ဟိုက သုခ၊ ဒီက ဘောဂ။ ချမ်းသာပြီးတော့ မစားရက် မသောက်ရက်၊ မလှူရက်၊ မတန်းရက်၊ အခြွေအရံ မရှိဘဲ တစ်ယောက်တည်း ငွေထုပ်ကြီး ဖင်ခုထိုင်ထားတာ ချမ်းသာပါတယ်၊ သို့ပေမဲ့ ဘောဂ မရှိဘူး။ ဘောဂ ဆိုတာ လှူနိုင်တန်းနိုင်တာ၊ ပေးနိုင်ကမ်းနိုင်တာ၊ အပေါင်းအသင်းတွေအများကြီးနဲ့ ကိုယ်ကိုယ်တိုင်လဲ စားနိုင်သောက်နိုင်တာ။ ကျွန်တော် မုံရွာတို့ ဘာတို့မှာ တွေ့ဖူးပါတယ်၊ အိုက်စကရင် မစားဖူးသေးတဲ့ သူဌေးကြီးတွေ အခုထိရှိပါသေးတယ်။ ဘာဖြစ်လို့လဲ၊ မတန်လို့တဲ့နော်၊ ကျွန်တော့မိတ်ဆွေတစ်ယောက် ရှိသေးတယ်၊ အခုဆုံးသွားရှာပြီ၊ ပြောင်းဖူးကို ဝယ်မစားကြနဲ့လို့ သူ့အိမ်သားတွေကိုမှာတယ်။ ဘာဖြစ်လို့လဲဆို ပြောင်းဖူးထဲက အူတိုင်ကြီးက အကြီးကြီး၊ အဲဒါကို လွှတ်ပစ်လိုက်ရလို့တဲ့၊ ဘောဂ မရှိလို့နော်။ အဲဒီတော့ ဣဋ္ဌာ – အလိုရှိအပ်သော၊ ရမ္မဏ–နှလုံးမွေ့လျော်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော၊ ဘောဂ–စည်းစိမ်တို့နှင့်၊ သမ္ပန္နဂတံ–သမ္ပန္နာ ဂတသာ ပြည့်စုံကြပါစေ။ ဒါ့ကြောင့်–

*"စန်းပုဏ္ဏမိန် လင်းသလို၊ ဂုဏ်သိန် သတင်းက၊ ဇမ္ဗူတွင်း ကြေညာမှန်၊ စိတ်မှာကြံသမျှပင်၊ ဣဋ္ဌာရမ္မဏာ ဘောဂသမ္ပန္န.."*

နောက် ဆက်မယ်။

## ဖြောင့်မှန်သော မေတ္တာတရား

*မြတ်ကြောင်း မြတ်ကြောင်း မဟာဓေယျ၊ နတ်ပေါင်း နတ်ပေါင်း သမာပေမံ။*

'သမာပေမံ' ဆိုတဲ့ အပိုဒ်ကို အမှတ်တမဲ့ဆိုလို့ အရသာ မရှိပါဘူး။ သမာပေမံ–ဖြောင့်မှန်သော မေတ္တာတရားဖြင့်။ ပေမံ– ဆိုတာ ပျော်ကြခြင်းပါ။ ဖြောင့်မှန်သောမေတ္တာတရားဖြင့်၊ 'ပေမံ' သံယောဇဉ် ရှိကြပါကုန်။ သမာဒေဝတွေကို ပြောတာနော်။ 'ဣဋ္ဌာရမ္မဏာ ဘောဂသမ္ပန္န၊ မြတ်ကြောင်းမြတ်ကြောင်း မဟာဓေယျ၊ နတ်ပေါင်းနတ်ပေါင်း သမာပေမံ' သမာဒေဝ နတ်များက သမာပေမနဲ့ချစ်ကြပါ။ မင်းကလေးတို့လို ကောက်တော်မမူပါနဲ့ပေါ့။ မင်းကလေးတွေက ရာဂနဲ့ ချစ်လာတော့ နတ်ကတော် တင်မြှောက်လိုက်တယ်။ ဒါလဲ ပေမ ပဲ။ ဒါမျိုး မလုပ်ပါနဲ့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"မြတ်ကြောင်း မြတ်ကြောင်း မဟာဓေယျံ၊ နတ်ပေါင်း နတ်ပေါင်း သမာပေမံ။ မကြာစေရန် ရတနာ ခြွေရံ၊ ရာကုဋ္ဌေအမြန်၊ ပေါစရာသြဘာသံ၊ မဟန္တံ သီရိ ဂဏံလာတိ ဂဏ္ဍာတီတိ မင်္ဂလံ"

**ဝိဂြိုဟ်ကျင်း**

"မင်္ဂပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ' လို့ ရှေးပညာရှိတွေ ဝိဂြိုဟ်ကျင်းသွားတယ်။ ဆရာကြီး ဦးပြုံးချိုက ဒီသီချင်းကို အဲဒီမင်္ဂလာမှာ ကျက်သရေ ဆိုတာ တွဲလိုက်ချင်တယ်၊ တွဲလိုက်ချင်လို့ ဝိဂြိုဟ်လေး ကျင်းပေးလိုက်တယ်။ သီချင်းထဲမှာ ဝိဂြိုဟ်ကျင်းတဲ့ သီချင်း မဟာဂီတ တစ်အုပ်လုံး လိုက်ရှာပါ။ တွေ့မှာ မဟုတ်ပါဘူး။ မဟန္တံ-ကြီးမြတ်လှစွာသော၊ သီရိ-ကျက်သရေအပေါင်းတို့သည်၊ လာတိ-ဤမင်္ဂလာပွဲ ကြီး၌ တစ်ခဲနက် ဆိုက်ရောက်ပါ၏။ ဂ္ဂတိတသ္မာ- ဤမင်္ဂလာရှိသော ပွဲကြီး၌ ကျက်သရေတို့နှင့် ပေါင်းစပ် ခြင်းကြောင့်၊ သီရိမင်္ဂလံ-သီရိမင်္ဂလာမည်ပါပေ၏။ (ဂဏ္ဍာတိ-မှတ်အပ်၏။) မကောင်းဘူးလားဗျာ။ မရှင်း ဘူးလား၊ မခန့်ဘူးလား။ နော်။

"မဟန္တံ သီရိဂဏံလာတိ ဂဏ္ဍာတီတိ မင်္ဂလံ၊ အို-ရွှေပဒေသာ၊ ငွေပဒေသာ၊ ဝေဝေဆာဆာ၊ မြို့မှာ

www.burmeseclassic.com

www.burmeseclassic.com



*ပေါက်ပြား၊ အမြောက်အများ ပြည့်လျှံ၊ ဓောတိက ပမာသဏ္ဌာန်၊ ပေါ်သည့်နေ လာဘ်"*

## သူဌေးကြီး ၄ ဦးလို

ရာဇဂြိုဟ်ပြည်မှာ ရှင်ဘုရင်ကိုယ်တိုင်က အသိအမှတ်ပြုထားရတဲ့ သာသနာနဲ့ မကင်းသော သူဌေးကြီး ၄ ယောက်ရှိပါတယ်။ ဓောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ကာကောဏ္ဍတဲ့။ သာသနာနဲ့မကင်းဘူး။ မြတ်စွာဘုရားရဲ့ သာသနာတော်အောက်မှာ ချမ်းသာ သလောက် အလှူအတန်းရက်ရောစွာပေးပြီး ငြိမ်းချမ်း ခြင်းတရားဆိုတဲ့ ဓမ္မရသကို ခံစားနေကြပါတယ်။ အဲဒီ သူဌေးကြီးတွေလိုပါ။ ဒိပြင်သူဌေးတွေလို မဟုတ်ဘူး နော်။

*"စန်းပုဏ္ဏမိန် လင်းသလို၊ ဂုဏ်သိန် သတင်း က၊ ဇမ္ဗူတွင်း ကြေညာမှန်၊ စိတ်မှာကြံသမျှပင်၊ ဣဋ္ဌာ ရမ္မဏ ဘောဂသမ္ပန္နံ။ မြတ်ကြောင်း မြတ်ကြောင်း မဟာဓေယျံ၊ နတ်ပေါင်း နတ်ပေါင်း သမာပေမံ။ မကြာ စေရန်၊ ရတနာခြွေရုံ၊ ရာကုဋေအမြန်၊ ပေါ်စရာ ဩဘာ သံ၊ မဟန္တံ သီရိ ဂဏ်လာဘ်တိ ဂဏ္ဍာတိတိ မင်္ဂလံ။ အို- ရွှေပဒေသာ၊ ငွေပဒေသာ၊ ဝေဝေဆာဆာ၊ မြေမှာ ပေါက်ပြား၊ အမြောက်အများ ပြည့်လျှံ၊ ဓောတိက ပမာ*

www.burmeseclassic.com

www.burmeseclassic.com



*သဏ္ဌာန်၊ ပေါ်သည့်နေ လာဘ်။ ဇဋိလ မဏ္ဍက သူဌေးတို့လို၊ အတိဗလဝ၊ ယခင်ကပေးတဲ့ ကုသိုလ် ကံ"*

**အစွမ်းကုန် အကျိုးပေး**

အတိဗလဝဆိုတာလေးကို မမှတ်မိရင် အံ့ ချော်ပြီးတော့ အမှတ်တမဲ့ နေမှာစိုးရတယ်၊ 'အတိ' ဆို တာ အလွန်အမင်းဖြစ်သော၊ 'ဗလဝ' ဆိုတာ အင်အား ကောင်းလှသော၊ 'ပုည' ဆိုတာ ဟိုးအထက်ကပြုခဲ့ဖူး တဲ့ ကုသိုလ်အရှိန်တွေဟာ ဒီဘဝမှာ မီးကုန်ယမ်းကုန် အကျိုးပေးပါစေ။ 'အတိဗလဝ' ဆိုတာ မြန်မာလို ရှင်း ရှင်းပြောရင် မီးကုန်ယမ်းကုန် အကျိုးပေးပါစေ။ ဒါ့ ကြောင့်–

*"အို–ရွှေပဒေသာ၊ ငွေပဒေသာ၊ ဝေဝေ ဆာ ဆာ၊ မြေမှာ ပေါက်ငြား၊ အမြောက်အမြား ပြည့်လျှံ၊ ဇောတိက ပမာ သဏ္ဌာန်၊ ပေါ်သည့်နေ လာဘ်။ ဇဋိလ မဏ္ဍက သူဌေးတို့လို၊ အတိဗလဝ၊ ယခင်ကပေးတဲ့ ကုသိုလ်ကံ။ ရတနာခုနစ်ဝမှာ၊ ကာကောဏ္ဍာတို့လို၊ လိုသမျှ ဣစ္ဆိတံ"*

ခုနက သူဌေးကြီးတွေ ပါလာပြီ။

ရတနာခုနစ်ဝမှာ၊ ကာကောဏ္ဍာတို့လို လို

www.burmeseclassic.com



သမ္ဘုကန္တိတ်။ ပေးမကုန် လှူမခန်းအောင်၊ ဖမ္ဘူအဝန်းမှာ လှုစွမ်းထက်ကြဲပြန်၊ ဝေဖြိုး ဝေဖြိုး အနှူး၊ ရွှေမိုး ငွေမိုး ဘဝင်လျှံ၊ ဒါန ကုသလ်၊ သီလ ကုသလ်။ ဘာဝနာ ထုံသည်၊ အမတာဘုံ ရည်စိတ်သန်၊ မဟာန္တ သိရိ လာတိ ဂဏှာတိတိ မင်္ဂလံ။

ကျက်သရေ ကမ္ဘာတစ်သောင်းက ပေါင်းစည်းပြန်၊ ထက်ဖြပမ္မ ပတ္တနာလောင်းလို့ ကောင်းချီးည်၊ ဤလောကပေါ် မနောမယခေါ် စကြာရတနာ ပတ္တမြားလို၊ ပြည့်ငြားလိုသမျှအကြံ"

## စကြာရတနာပတ္တမြား

စကြာရဝာနာ ပတ္တမြားဆိုတာ ဖွင့်ကြဦးစို့။ အမှတ်တမဲ့ ပတ္တမြားတွေနဲ့ သွားတူမှာစိုးလို့။ ပတ္တမြားချင်းမတူလို့။ စကြာမင်းကြီး လေးကျွန်းပတ်တဲ့ အခါ စကြာယာဉ်ကြီးနဲ့ ဓါကြာပတ္တမြားကို ပိုက်၍ လိုရာဆန္ဒ လိုရာဌာနကို သွားနိုင်တဲ့ မနောမယ ပတ္တမြားပါ။ မိုးကုတ်က ထွက်တဲ့ ပတ္တမြားလောက် မဟုတ်သေးပါဘူး။ ပတ္တမြားချင်း ဘူမှာ စိုးလို့။

"စကြာရတနာ ပတ္တမြားလို၊ ပြည့်ငြားလိုသမျှ အကြံ။ ယခုပြုတဲ့မင်္ဂလာမှာလေ၊ လျှင်စွာ ပတ္တမြား အကျိုး၊ ရတနာမိုးရွာရန်၊ အဟုတ်အတိတ်၊ နာနိုးသာ

www.burmeseclassic.com

www.burmeseclassic.com



ရန်၊ နှုတ်ဘိသိက် မင်္ဂလာအသံ၊ လေးဖြာ သူဌေးပမာ၊ မယွင်းအောင်၊ အေးစရာအခင်းဖြင့် အောင်ခြင်း သုသုခံ၊ အိုင်ကုဏ္ဍလာနန်းမှာ၊ ပဒုမ္မာပန်းလို၊ ပွင့်လန်းသည်သို့ သဏ္ဍာန်၊ ဝေရောဇနာကင်းတဲ့၊ သော်တာမင်းရဲ့ သန့်ရှင်းကြည်တဲ့ဟန်"

## ကုဏ္ဍလာအိုင်

ကုဏ္ဍလာဆိုတဲ့ အိုင်အကြောင်း ပြောရဦးမယ်။

ဟိမဝန္တာတောင်မှာ ဟိမဝန္တာတောမှာ လူမရောက် ငှက်မရောက်တဲ့ အိုင်ကြီး ၇ အိုင် ရှိပါတယ်၊ အဲဒါတွေကတော့ ကုဏ္ဍလာအိုင်၊ ဆဒ္ဒန်အိုင်၊ မန္ဒာကိနီအိုင်၊ အနော်တတ်အိုင် စတဲ့ ၇ ပါးပေါ့၊ ကုဏ္ဍလာအိုင်က ဘာထင်ရှားသလဲဆိုရင် အဲဒီကုဏ္ဍလာအိုင်မှာ ပေါက်တဲ့ ပဒုမ္မာကြာဟာ အင်မတန်မှကြီးတယ်၊ အင်မတန်မှ မွှေးတယ်၊ အင်မတန်မှ အဆင်းလှတယ်၊ ဒါကြောင့် ပဒုမ္မာပန်းမှာတောင် ချောင်းထဲ ကန်ထဲက ပဒုမ္မာပန်းမျိုးမဟုတ်ပါဘူးတဲ့။

"အိုင်ကုဏ္ဍလာနန်းမှာ၊ ပဒုမ္မာပန်းလို၊ ပွင့်လန်းသည်သို့ သဏ္ဍာန်၊ ဝေရောဇနာကင်းတဲ့၊ သော်တာမင်းရဲ့ သန့်ရှင်းကြည်တဲ့ဟန်"

www.burmeseclassic.com

www.burmeseclassic.com



## အညစ်အကြေးကင်း

'ဝေရောဇနံ' ဆိုတာ ဘာတုံး။ (အမှတ်တမဲ့ ဆိုလျှင် မသိနိုင်ကြပါဘူး။ ဝေရောဇနဆိုတာ အညစ်အကြေးကို ပြောပါတယ်။

အညစ်အကြေးကပ်ငြိနိုင်တဲ့ ဝင်နိုင်တဲ့အရာ ၃ မျိုးက စိတ်ရယ်၊ ရွှေရယ်၊ နေ့လ ရယ်ပါ။

အညစ်အကြေးက ၅ ပါးစီ ရှိတယ်၊ စိတ် အညစ်အကြေးက ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာတဲ့၊ ၅ ခု။ တစ်နည်း–လောဘ၊ ဒေါသ၊ မောဟ၊ မိဒ္ဓ၊ ဝိစိကိစ္ဆာတဲ့။ ဇမ္ဗူရာဇ်ရွှေရဲ့ အညစ်အကြေးက ကြေးနီ၊ ကြေးဝါ၊ သွပ်၊ သော်၊ ခဲ၊ ၅ မျိုး ရှိပါတယ်။ နေ့ လတို့ရဲ့ အညစ်အကြေးက ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး၊ အဲဒီလို နေ့ လတို့ရဲ့ အညစ်အကြေး ၅ မျိုးထဲက တစ်မျိုးမျိုးနဲ့တွေ့ရလို့ရှိရင် နေလတွေဟာ အရောင်မှိန်တတ်ပါတယ်။ သူရိန်နတ်မင်းကြီးက ခံတွင်းငုံတဲ့အခါ နေအရောင် လအရောင် ပျောက်ပါတယ်။ အပြစ်ရှိသော ၅ မျိုး၊ အညစ် အကြေး ၅ မျိုးမှ ကင်းပါစေ။

ပဒုမ္မာပန်းကျတော့လည်း ကုဏ္ဍလာအိုင်ရှိ ပဒုမ္မာပန်းပါတဲ့။ သူပြောချင်တဲ့ 'လ' ကျတော့လည်း

www.burmeseclassic.com

www.burmeseclassic.com



အပြစ် ၅ မျိုးလုံးကင်းပြီး ပြည့်ပြည့်ဝန်းဝန်းကြီး ဖြစ်နေတဲ့ 'လ' ကြီးလို ဖြစ်ပါစေတဲ့။

*"အိုင်ကုဏ္ဍာလာနန်းမှာ၊ ပဒုမ္မာပန်းလို၊ ပွင့်လန်း သည်သို့ သဏ္ဍာန်၊ ဝေရောဇနာကင်းတဲ့၊ သော်တာမင်းရဲ့ သန့်ရှင်းကြည်တဲ့ဟန်။ စိတ္တ သုခံသုခံ၊ ကာယ သုခံ သုခံ၊ သိဒ္ဓါ ဘဝန္တု၊ ညွန်းပြု သဗ္ဗ ဣစ္ဆိတံ၊ အောင်သီချင်းနဲ့ အောင်ခြင်းဖေယျ၊ နှလုံးလိုရာ အိုမကြာ ပြည့်ကြောင်းမှန်၊ မင်္ဂလာစောင်းသီချင်း ကောင်းခြင်း ဖေယျာအသံ၊ သောင်းတွင်းကြေညာရန်၊ သဘောစိတ် ရှိသမျှဖြင့်၊ မနောမယိဒ္ဓိ ပြည့်စုံပါစေ အမြန်"*

**အစ်ဆိုစေချင်**

ဒီသီချင်းဟာ ကျွန်တော် ငယ်ငယ်က ကျွန်တော့ ရွာမှာ ကျွန်တော်တို့ အိမ်ပေါ်မှာ ရေးစပ်သွားတဲ့ သီချင်းပါ၊ နောက် တဖြည်းဖြည်း ကြီးလာတဲ့အခါ ကျွန်တော် ပရိယတ္တိစာပေတွေနဲ့ မြန်မာစာပေတွေ လိုက်စားရင်း အနက် အဓိပ္ပာယ်တွေဖော်ပြီးတော့ လေ့လာခဲ့တဲ့သီချင်းပါ၊ အခု ကျွန်တော်ဆိုပြပါမယ်၊ ဆိုပြပါမယ်ဆိုတာ ကျွန်တော့ဟာ မှုမှန်ပါလို့ မဆိုလိုပါဘူး၊ မှုမှန်လို့ ကျွန်တော် မပြောဝံ့ပါဘူး။ ဒီသီချင်းကို ခုခံ ညားညား ဘိသိက်ဆရာက ဘိသိက်သွန်းတဲ့အခါမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် စာခန့်စပေါင်ပွဲပွဲနဲ့ဆိုရင် ပိုကောင်းပါလိမ့်မယ်။ မိန်းကလေးများ၊ ယောက်ျားလေးများ အလှအပ ဆိုချင်တယ်ဆိုရင်တော့ အသွဲ့အနွဲ့လေးတွေနဲ့ ဆိုပြနိုင်ပါတယ်။

ကျွန်တော်တိုက်တွန်းတာပါ။ ကျွန်တော် အခုဆိုသွားခြင်းသည် ဝါသနာပါလို့ဆိုခြင်းပါ။ 'ဟောဒီလို ဆိုရတယ်ကွဲ့' လို့ ဆိုတာမျိုး မဟုတ်ပါဘူး ဆိုတဲ့ အကြောင်းကို ကျွန်တော် လေးလေးနက်နက် တင်ပြပါရစေ။ ကဲ–ကျွန်တော် ဘိသိက်ဆရာအနေနဲ့သာ ဆိုရရင်တော့–

BURMESE CLASSIC

*(သြောင်း–ဇေယျတု သဗ္ဗမင်္ဂလံ။)*[၃]

*ဇေယျတု သဗ္ဗမင်္ဂလံ၊ အောင်အတိတ်ကျော်ညံ၊ အောင်ဟိတ် ပေါ်ပြန်၊ ပုဗ္ဗနိမိတ် သုခါဝဟံ၊ နှုတ်က ဘိသိက်၊ ဆုပတ္ထနာ အမှန်၊ တက်နေတိုးသလို၊ ကျက်သရေဖြိုးလို့၊ တန်ခိုးဂုဏ်ရောင်လျှံ၊ စန်းပုဏ္ဏမိန်လင်းသလို၊ ဂုဏ်သိန် သတင်းက၊ ဇမ္ဗူတွင်း ကြေညာမှန်၊ စိတ်မှာကြံသမျှပင်၊ ဣဋ္ဌာရမ္မဏ ဘောဂသမ္ပန်။*

*မြတ်ကြောင်း မြတ်ကြောင်း မဟာဇေယျ၊ နတ်ပေါင်း နတ်ပေါင်း သမာပေမံ။ မကြွေစေရန်*

www.burmeseclassic.com

www.burmeseclassic.com



ရတနာ ခြွေရံ၊ ရုံ့ကုဋ္ဌေအမြန်၊ ပေါ်စရာဩဘာသံ၊ မဟန္တံ့ သီရိ ဂဏံလာတိ ဂဏ္ဍာတီတိ မင်္ဂလံ။

အို–ရွှေပဒေသာ၊ ငွေပဒေသာ၊ ဝေဝေဆာဆာ၊ မြေမှာပေါက်ငြား၊ အမြောက်အမြား ပြည့်လျှံ၊ ဓာတ်က ပမာ သဏ္ဍာန်၊ ပေါ်သည့်နေ လာဘ်။ ဇမ္ဗူလမေဏ္ဍာက သူဌေးတို့လို၊ အတိဗလဝ၊ ယခင်ကပေးတဲ့ ကုသိုလ်ကံ။ ရတနာခုနစ်ဝမှာ၊ ကာကောဏ္ဍာတို့လို၊ လိုသမျှ ကူစ္စိတံ။ ပေးမကုန် လှူမခန်းအောင်၊ ဇမ္ဗူအဝန်းမှာ လူစွမ်းတက်ကြပြန်၊ ဝေဖြိုး ဝေဖြိုး အနန္တ၊ ရွှေမိုး ငွေမိုး ဘဝင်လျှံ၊ ဒါန ကုသလံ၊ သီလ ကုသလံ။ ဘာဝနာထုံသည်၊ အမတာဘုံရည်စိတ်သန်၊ မဟန္တာ သိရိ လာတိ ဂဏ္ဍာတီတိ မင်္ဂလံ။

ကျက်သရေ ကမ္ဘာတစ်သောင်းက ပေါင်းစည်းပြန်၊ ထက်ဖြဖေမ္ဘ ပတ္တနာလောင်းလို့ ကောင်းချီးညံ၊ ဤလောကပေါ် မနောမယခေါ် စကြာရတနာ ပတ္တမြားလို၊ ပြည့်ငြားလိုသမျှအကြံ။ ယခုပြုတဲ့မင်္ဂလာမှာလေ၊ လျှင်စွာ ပတ္တနာ အကျိုး၊ ရတနာမိုးရွာရန်၊ အဟုတ်အတိတ်၊ နားဝင်သာရန်၊ နှုတ်ဘိသိက် မင်္ဂလာအသံ၊ လေးဖြာ သူဌေးပမာ မယွင်းအောင်၊ အေးစရာ အခင်းဖြင့် အောင်ခြင်း သု သုခံ၊ အိုင်ကုဏ္ဍာလာနန်းမှာ၊

www.burmeseclassic.com

www.burmeseclassic.com



ပဒုမ္မာပန်းလို၊ ပွင့်လန်းသည်သို့ သဏ္ဍာန်၊ ဝေရောဇနာ ကင်းတဲ့၊ သော်တာမင်းရဲ့ သန့်ရှင်းကြည်တဲ့ဟန်။ စိတ္တ သုခံသုခံ၊ ကာယ သုခံ သုခံ၊ သိဒ္ဓါ ဘဝန္တု၊ ညွန်းပြု သဗ္ဗ ဣစ္ဆိတံ၊ အောင်သီချင်းနဲ့ အောင်ခြင်းဓေယျံ၊ နှလုံးလိုရာ အို မကြွံ ပြည့်ကြောင်းမှန်၊ မင်္ဂလာစောင်း သီချင်း ကောင်းခြင်း ဓေယျာအသံ၊ သောင်းတွင်း ကြေညာရန်၊ သဘောစိတ် ရှိသမျှဖြင့်၊ မနောမယိဒ္ဓိ ပြည့်စုံပါစေ အမြန်။

သုခီအတ္တာနံ ပရိဟရန္တု
သုခ

[မှတ်ချက်။ ။ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် နေ့တွင် ယဉ်ကျေးမှုတက္ကသိုလ်၌ ဟောပြောချက်ကို မြန်မာ့အသံမြင်သံကြားမှ မှတ်တမ်းတင်ရိုက်ကူးသည်။]

www.burmeseclassic.com